ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်


အမှာ ............. ၁
ဗကပ ၏ အထူးကွန်ဖရင့်သို့ တင်သွင်းသော အစီရင်ခံစာ ............. ၂
ကမ္ဘာ့စနစ်သစ်လွှန်ပွဲ ပြင်းထန်လာတော့မည် .............၇
အမေရိကန် – တရုတ်ပါဝါပျော့လွှန်ပွဲ ............. ၁၀
နောက်ပြန်လှည့်မလှည့်ကိစ္စ ............. ၁၂
နိုင်ငံတကာကဗျာ – လင်စတန်ဟူးစ် ............. ၁၃
၈၈ အရေးတော်ပုံကို ခြုံငုံသုံးသပ်ချက် ............. ၁၆
ဒီမိုကရေစီအရေးနှင့် အလုပ်သမား၊ လယ်သမားပြဿနာများ ............. ၁၈
တခုတည်းသောသမဂ္ဂ ကျောင်းသားတွေရဲ့ တခုတည်းသောဗဟို ............. ၂၆
ဒီနေ့အပြောင်းအလဲနဲ့ အမျိုးသားခေနရှင်လူတန်းစား ............. ၂၈
အာဏာဟာ သေနတ်ပြောင်းဝကထွက်တယ် ............. ၃၁
အရင်းရှင်ခေတ်နှောင်းပိုင်း ............. ၃၅
သတင်းနဲ့မှတ်ချက် ............. ၄၀



အမှတ် (၃၄)

ဩဂုတ်၊ ၂၀၁၂ ခုနှစ်။

# ပြည်သူ့အာဏာ

အမှတ် (၃၄) ၂၀၁၂ ခုနှစ် ဩဂုတ်

## စာတည်းအဖွဲ့အမှာ

(၁) နိုင်ငံတကာမှာရော၊ ပြည်တွင်းမှာပါ
အပြောင်းအလဲတွေ ဖြစ်နေသည်။
ပြောင်းလဲတာကလည်း မြန်သည်။
ဘာ့ကြောင့်ဘယ်လို ပြောင်းကြသလဲဆိုတာကို
ဗကပ က သုံးသပ်တင်ပြထားပါသည်။

(၂) NLD အပေါ် ပြည်သူလူထုက မျှော်လင့်ချက်
ကြီးကြီးမားမားထားဆဲ ဖြစ်သည်။ NLD ၏
တာဝန် ကြီးလေးပါသည်။ NLD က ထိုတာဝန်ကို
အောင်မြင်ပြီးမြောက်အောင် ထမ်းဆောင်နိုင်စေဖို့
ဗကပ ရဲ့ ထင်မြင်ချက်တချို့ကို တင်ပြထားပါသည်။

(၃) ပြည်တွင်းအပြောင်းအလဲတွေ
သိပ်မြန်တဲ့ကာလဖြစ်လို့ ပြည်တွင်းရေးကိုပဲ
အလေးထားပြီး တင်ပြပါသည်။ တချို့ပါနေကျ
ကဏ္ဍများကို ဒီတပတ်မှာ ဖြုတ်ထားပါသည်။

စာတည်းအဖွဲ့

# ဗဟိုစည်းရုံးရေးကော်မတီ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထူးကွန်ဖရင့်သို့ တင်သွင်းတဲ့ အစီရင်ခံစာ

ရဲဘော်တို့

မြေအောက်ကို နက်နက်ရှိုင်းရှိုင်းလျှိုးနေရတဲ့ကာလမှာ ကျင်းပရတဲ့ အထူးကွန်ဖရင့်ဖြစ်လို့ အစီရင်ခံစာကို လိုတိုရှင်း ရေးပါမယ်။ လိုအပ်တဲ့ ရှင်းလင်းချက်တွေကို အရေးတော်ပုံဂျာနယ်မှာ ရေးပါမယ်။ သဘောတရားဆိုင်ရာကိစ္စများကိုတော့ ပြည်သူ့အာဏာမှာ ရေးပါမယ်။

## (က) နိုင်ငံရေးအစီရင်ခံစာ

(၁) မျက်မှောက်ခေတ်

၁၉၃၀ ပြည့်လွန်ကာလများကလို အခု ဖြစ်နေတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ဖြစ်လို့ လုပ်ရှားမှုက ပိုပြီး ကျယ်ပြန့်တယ်။ မာ့က်စ် ရေးခဲ့တာတွေ မှန်လှချည့်လို့ ခေတ်ရှင်ဘောဂဗေဒပညာရှင်တချို့က ရေးကြတယ်။ တချို့ကဆိုရင် 'အရင်းရှင်စနစ် ပျက်ကိန်းကြုံပြီလော' လို့ ရေးတယ်။

နိုင်ငံတွေမှာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး မငြိမ်သက်မှုတွေ ဖြစ်နေတယ်။ အတိုင်းအတာ မတူရင်သာရှိမယ်။ အားလုံးက ကိုယ့်ဒုက္ခနဲ့ကိုယ် ဖြစ်နေကြတာပဲ။ ကိုယ့်ဒုက္ခ သူများအပေါ် ပုံချတာမှာလည်း တူကြတယ်။ အားလုံးက ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒကို လုပ်နေကြတာပဲ။ စစ်ရေးလေ့ကျင့်မှုတွေကလည်း ပြတ်တယ်မရှိဘူး။ စစ်မဟာမိတ်အဖွဲ့တွေလည်း ပြန်လည်နိုးထလာနေတယ်။ ဗီယက်နမ်စစ် ပြီးကတည်းက လုံးလုံးငြိမ်နေတဲ့ ဩစတြေးလျ၊ နယူးဇီလန်၊ အမေရိကန် စစ်မဟာမိတ်အဖွဲ့ (ANZ) က ပြန်လည်နိုးထလာတယ်။

ကမ္ဘာ့အခင်းအကျင်းသစ် (NWO) အတွက် လွန်ပွဲက အာရှမှာ ဖြစ်နေတယ်။ 'စစ်အေးတိုက်ပွဲ' တုန်းက အဓိက အားဖြင့် ဥရောပမှာ ရန်စောင်နေပြီး စစ်တိုက်တော့ ကိုယ်စားလှယ်ထားပြီး အာရှမှာ တိုက်ကြတာပဲ။

'စစ်အေးတိုက်ပွဲ' က အမေရိကန်နဲ့ဆိုဗီယက် စောင်ကြတာဖြစ်ပေမယ့် အခု 'ကမ္ဘာ့အခင်းအကျင်းသစ်လွန်ပွဲ' က အမေရိကန်နဲ့ တရုတ် ဖြစ်နေတာပါ။ မျက်မှောက်ခေတ်မှာ ဗမာပြည်ဟာ တသီးတခြား ရပ်တည်လို့ မရပါဘူး။ တနည်းနည်းနဲ့ ပတ်သက်နေရမှာပဲ။

တရုတ်နဲ့ကုလားကြားမှာ တိုင်းပြည်ငယ် (၃) ပြည်ပဲ ရှိပါတယ်။ နီပေါ၊ ဘူတန်နဲ့ဗမာပြည်ပါ။ နီပေါနဲ့ဘူတန်က ကုန်းတွင်းပိတ်နိုင်ငံပဲ။ ဗမာပြည်က အိန္ဒိယသမုဒ္ဒရာ မေးတင်နေတာပါ။ တရုတ်နဲ့ကုလားသာမက ပင်လယ်က လာမယ့်ရန်လည်း ရှိနေတာပဲ။

အိန္ဒိယသမုဒ္ဒရာကို စိုးမိုးတဲ့အင်အားကြီးနိုင်ငံမှန်သမျှလိုလိုနဲ့ ဗမာပြည်က ကြုံဖူးတာချည်းပဲ။ ပေါ်တူဂီ၊ ပြင်သစ်၊ အင်္ဂလိပ် ကြုံဖူးတယ်။ မကြုံရတာ စပိန်ပဲ ရှိတယ်။ ဘယ်သူနဲ့ကြုံရကြုံရ ကိုယ်ကခံလိုက်ရတာချည်းပါ။ ဇဗင်ကာလို ကလေကချေကတောင် သံလျင်မှာ ဘုရင်လုပ်တာ ခံရသေးတယ်။

တရုတ်ကူဗလိုင်ခန်အောက် ရောက်တာက တခဏပဲ။ အင်္ဂလိပ်အောက် ရောက်တာက နှစ်ပေါင်း (၁၂၀) ကျော်တယ်။

'ဘယ်သူ့ကျွန်မှ အဖြစ်မခံပြီ' ဆိုတာဟာ ဗကပ ရဲ့ 'ပြည်ချစ်ဝါဒ' ကြွေးကြော်သံပဲ။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ အာရှငြိမ်းချမ်းရေး၊ အရှေ့တောင်အာရှ ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်ကြမယ့် နိုင်ငံတကာ့ပြည်သူများနဲ့ သွေးစည်းညီညွတ်သွားပါမယ်။

အခုတော့ အင်အားကြီးနိုင်ငံတွေ 'ပါဝါပျော့' လွန်ဆွဲနေကြတုန်းပါ။ တဖက်ကလည်း 'ပါဝါအမာ' ကို အပြိုင်အဆိုင် ထုတ်ပြနေကြတယ်။ အချိန်မရွေး ထိန်းသိမ်းမရ ပေါက်ကွဲမယ့်အန္တရာယ် ရှိပါတယ်။ 'ပါဝါပျော့' ဆိုတာ 'ပါဝါမာ' ကျောထောက်နောက်ခံရှိမှပဲ အကျိုးရှိတာပါ။ 'ပါဝါမာ' မရှိဘဲ 'ပါဝါပျော့' သွားလုပ်ရင် ဗိုလ်အောင်ဆန်းပြောခဲ့တဲ့ နိုင်ငံမျိုးပဲ ဖြစ်မှာပဲ။ မျက်နှာချိုသွေးရမယ့် နိုင်ငံတွေက အခုခေတ်မှာ သိပ်များတယ်။

ဒီလိုအခြေအနေမှာ ဗမာပြည်တွင်းမှာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးရှိဖို့ လိုပါတယ်။ '၂၀၀၈ အခြေခံဥပဒေ' ကို အတင်းအကျပ် ကျင့်သုံးဖို့ ဦးသိန်းစိန်အစိုးရက လုပ်နေရင် ဘယ်လိုမှ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေး ရနိုင်စရာ မရှိပါဘူး။ အဲဒီလိုလုပ်ရင် ဗမာပြည်အတွက် အလွန်အန္တရာယ်ကြီးပါတယ်။

ကျွန်တော်တို့ပါတီကတော့ ဗမာပြည်မှာ စစ်မှန်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး ရှိစေချင်တယ်။ ရေရှည်ခံတဲ့ နိုင်ငံရေးတည်ငြိမ်မှု ရှိစေချင်ပါတယ်။ '၂၀၀၈ အခြေခံဥပဒေ' ဘောင်ထဲကို အားလုံးရောက်လာဖို့ အတင်းအကျပ်လုပ်နေရင် ဘယ်လိုမှ ရေရှည်ခံတဲ့ နိုင်ငံရေး တည်ငြိမ်မှု မရှိနိုင်ပါဘူး။

## ဦးသိန်းစိန်အစိုးရရဲ့နည်းပရိယာယ်

'ရွေးကောက်ပွဲ' လုပ် လွှတ်တော်တွေ ပေါ်လာပြီဆိုတော့ '၂၀၀၈ အခြေခံဥပဒေ' က အသက်ဝင်သွားပါပြီ။ ဒါပေမဲ့ 'အခြေခံဥပဒေ' ကို လက်မခံတဲ့ အင်အားစုတွေက ဒု (ထု) နဲ့ဒယ် (ထည်) နဲ့ ရှိနေတယ်။

ဒီအင်အားစုတွေကို 'အခြေခံဥပဒေ' အောက်ကို ဆွဲမသွင်းနိုင်ရင် အသက်ဝင်သွားပြီဆိုတဲ့ '၂၀၀၈ အခြေခံဥပဒေ'က ဘာအဓိပ္ပာယ်မှ ရှိမှာမဟုတ်ဘူး။ ချူချာတဲ့ 'အခြေခံဥပဒေ' ဖြစ်နေမှာပဲ။

ဒါကြောင့် ဦးသိန်းစိန်အစိုးရက နည်းပရိယာယ်တခု တီထွင်ပြီး လုပ်တယ်။ ဒေါ်စုနဲ့ (ပုဂ္ဂိုလ်အရ) စကားပြောတယ်။ 'ငြိမ်းအဖွဲ့' တချို့ကို ဆွဲဆောင်သိမ်းသွင်းတယ်။

ဦးသိန်းစိန်အစိုးရက အမေရိကန်နဲ့ ပြန်လည်ရင်ကြားစေ့ရေးဟာ အခရာကျတယ်ဆိုတာကို သိတယ်။ ဒါကြောင့် 'မြစ်ဆုံကိစ္စ' ကို ကမန်းကတန်းကိုင်တယ်။

အမေရိကန်အိုဘားမားအစိုးရကလည်း ဦးသိန်းစိန်အစိုးရနဲ့ NLD ပြန်လည်ရင်ကြားစေ့ရေး ဖြစ်မြောက်စေဖို့ အတော်လေး ထဲထဲဝင်ဝင် ကူညီခဲ့တယ်။ NLD က ရွှေဂုံတိုင်ကြေညာချက်အပေါ်မှာ ရပ်တည်နေပြီး ဦးသိန်းစိန်အစိုးရကလည်း NLD ကို တရားမဝင် ပါတီအဖြစ် သဘောထားနေရင် ဘယ်လိုမှ ရင်ကြားစေ့နိုင်မှာ မဟုတ်ဘူးဆိုတာ သိတယ်။ ဒါကြောင့်ပဲ '၂' ဘက်စလုံးကို ဖျောင်းဖျနားချတယ်။ ဒီလိုနဲ့ပဲ NLD က မှတ်ပုံတင်မယ်၊ ကြားဖြတ်ရွေးကောက်ပွဲဝင်မယ် ဖြစ်သွားတယ်။

ဒီလိုနဲ့ပဲ –

* ဦးသိန်းစိန်အစိုးရလိုချင်တဲ့ အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာ ရှောရှောရှူရှူရသွားတယ်။

* အမေရိကန်အစိုးရနဲ့ ပြန်လည်ရင်ကြားစေ့သွားတယ်။

တကယ်ကတော့ အမေရိကန်က ဗမာပြည်အစိုးရကို အလိုရှိတာက သူ့ရဲ့မဟာဗျူဟာရပ်တည်ချက်ကြောင့် ဖြစ်တယ်။ ဦးသိန်းစိန် အစိုးရကို အာဆီယံဥက္ကဋ္ဌဖြစ်ရေး၊ အမေရိကန်နဲ့ သံတမန်အဆင့်မြှင့်ရေးလို အသေးအမွှားမျိုးမဟုတ်ဘူး။

ဒါကြောင့်ပဲ ဟီလာရီကလင်တန်ကို ဗမာပြည်သို့ အမြန်လွှတ်တယ်။ ဟီလာရီကလင်တန်ရဲ့ ခရီးစဉ်က ဟိုတုန်းက အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဒါးလက်စ် Dulles ခရီးစဉ်မျိုးပါပဲ။

> ဆီးတိုး SEATO ထဲ ဖဆပလ အစိုးရ ပါလာအောင်စည်းရုံးဖို့ ဒါးလက်စ် လာသလို ဟီလာရီကလင်တန်ကလည်း ANZUS အတွက် တီးခေါက်ကြည့်တာ လုပ်နိုင်ပါတယ်။

ဒါပေမဲ့ လွယ်လှတာ မဟုတ်ဘူး။ နဝတ၊ နအဖ ခေတ်က လွှန်ထားကျွံထားတာတွေက များပါတယ်။ မြစ်ဆုံလို ကမန်းကတန်းပြန်ပြီး 'ဘွာခတ်' လို့ ရတာမျိုး မဟုတ်လို့ပဲ။

NLD ရဲ့ ရှေ့ရေး

သူတို့ပဲ သူတို့ကံကြမ္မာ ဖန်တီးမှာပါ။ ဗကပ အနေနဲ့ '၁၉၈၅ ပိုစကတ်လှုပ်ရှားမှု' လုပ်ပြီးကတည်းက လစ်ဘရယ် ဒီမိုကရက်ပါတီတခု ဗမာပြည်မှာ မွေးဖွားလာဖို့ မျှော်လင့်လိုလားခဲ့ပါတယ်။ ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည် ဦးဆောင်တဲ့ပါတီ ပြည်တွင်းမြေအောက် (ယူဂျီ) ပါတီ သဏ္ဌာန်နဲ့ဖြစ်ဖြစ် ပြည်ပအဝေးရောက်သဏ္ဌာန်နဲ့ဖြစ်ဖြစ် ပေါ်လာဖို့အထိ စဉ်းစားခဲ့ပါတယ်။

ကံအားလျော်စွာပဲ ၁၃၀၀ ပြည့်ရဲ့ ရွှေရတုနှစ် '၁၃၅၀' မှာ အုံကြွမှု (ရှစ်လေးလုံး) ပေါက်ကွဲတယ်။ ၁၉၇၄ အခြေခံဥပဒေ ပျက်တယ်။ ပါတီစုံဒီမိုကရေစီစနစ် အစို့အညှောက်ပေါ်လာတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဖွဲ့စည်းလာတယ်။ ဗကပ က အားပေးဝန်းရံခဲ့တယ်။

> ပြောချင်တာက မမွေးခင်ကတည်းက မျှော်တယ်။ မွေးလာတော့ အားပေးတယ်။ ၁၉၉၀ မှာ အောင်မြင်တော့ ဝမ်းသာတယ်။ အဲဒီပါတီ ကြမ္မာဆိုးတိုးမှာကို စိုးရိမ်မကင်းဖြစ်ရဆုံးသူတွေထဲမှာ ဗကပ ပါနေမယ်ဆိုတာပဲ။

ဒါကြောင့် မမှားတန်တာ မမှားအောင် **NLD** ကို အပြုသဘောနဲ့ ဝေဖန်သွားဖို့ ဆုံးဖြတ်ထားပါတယ်။

ကျောရိုးတောင့်ဖို့လိုတယ်

၁၉၉၀ လွှန်တုန်းက လစ်ဘရယ်ဒီမိုကရက်တွေက စစ်အာဏာရှင်စနစ်ကို ဖယ်ရှားပြီး သူတို့ရဲ့ 'လစ်ဘရယ် ဒီမိုကရက်အာဏာ' ကို တည်ထောင်နိုင်လိမ့်မယ်လို့ ပိုတွက်ခဲ့မိတယ်။

သူတို့က စင်ပြိုင်အာဇာနည်နေ့ကျင်းပရေး၊ ဂန္ဓီခန်းမဆုံးဖြတ်ချက်၊ မတရားတဲ့အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ၊ ညောင် ၂ ပင် သပိတ်မှောက်၊ ရွှေဂုံတိုင်ကြေညာချက်အထိ ကြွေးကြော်သံတွေ ထုတ်ခဲ့ပြီး တကယ်လုပ်တော့ တထစ်ချင်း လျှော့ပေးလာတာပဲ။ အခုတော့ '၂၀၀၈ အခြေခံဥပဒေ' အောက်ကို ဝင်လိုက်ပြီ။ ထစ်ကုန်အောင် လျှော့ပေး လိုက်ပြီ။ လစ်ဘရယ်ဒီမိုကရက်တွေက မယုံနိုင်လောက်အောင် ကျောရိုးမဲ့နေလို့ ဗကပ ရဲ့ အထင်ဟာ ပါစင်အောင် လွဲခဲ့ပါ တယ်။ သူတို့ရှေ့ရေး သူတို့ပဲဆုံးဖြတ်ရမှာပါ။ ဘာတွေဆုံးဖြတ်မလဲဆိုတာကို စောင့်ကြည့်နေရမှာပါ။ မှန်ကန်တဲ့ နိုင်ငံရေး လမ်းစဉ်ကို မှန်ကန်တဲ့ စည်းရုံးရေးလမ်းစဉ်နဲ့ အကောင်အထည်ဖော်မှ အောင်မြင်မှာပါ။

အာရပ်စတိုင် (ဟန်) လူထုအုံကြွမှုဆိုတဲ့ကိစ္စ

ဦးသိန်းစိန်ကလည်း အဲဒီလို 'နည်း' မျိုး 'ဟန်' မျိုး ဗမာပြည်မှာ မဖြစ်ချင်စေသလို ဒေါ်စုကလည်း မဖြစ်ချင်ဘူးလို့ ပြောနေတယ်။

ကျွန်တော်တို့ယူဆတာက 'မြန်မာ့ဟန် လူထုအုံကြွမှု' ပဲ ဖြစ်မှာပါ။ အာရပ်လူမှုအဖွဲ့အစည်းနဲ့ ဗမာပြည်က ဘယ်ဟာမှတူတာ မဟုတ်လို့ပါ။ '၁၉၈၈' က လူထုအုံကြွမှုမျိုးပဲ ဖြစ်မှာပါ။ 'ရှစ်လေးလုံး' က ကိုမင်းကိုနိုင်တို့ မျိုးဆက် ခေါင်းဆောင်စုကို ဖော်ထုတ်လိုက်သလို အနာဂတ်လူထုအုံကြွမှုကလည်း 'မျိုးဆက်သစ်ခေါင်းဆောင်စု' ကို ဖော်ထုတ်လာပါ လိမ့်မယ်။ ဘယ်တော့၊ ဘယ်လို၊ ဘယ်သူတွေ ပေါ်လာမလဲလို့တော့ ပြောဖို့စောပါသေးတယ်။ သေချာပေါက်ပြောနိုင်တာက ဘယ်သူမှ ဟန့်တားလို့မရဘူးဆိုတာပါ။

မြစ်ဆုံကိစ္စ

အထက်မှာ 'မြစ်ဆုံ' ကိစ္စ ကမန်းကတန်းကိုင်လိုက်တယ်လို့ ရေးခဲ့ပါတယ်။ ဗကပ က ၂၀၁၁ ဇူလိုင်လကတည်းက 'ဧရာဝတီကို ကယ်တင်ပါ' ဆိုတဲ့ကြွေးကြော်သံ တင်ခဲ့တယ်။ (အရေးတော်ပုံဂျာနယ် အမှတ် (၄))

ဧရာဝတီတခုလုံးကို ကယ်တင်ရမှာပါ။ 'မြစ်ဆုံကိစ္စ' တခုတည်း မဟုတ်ပါဘူး။ ဧရာဝတီက မြစ်လက်တက်တွေ သိပ်များပါတယ်။ မေခ၊ မေလီခက စပေမယ့် မြစ်လက်တက်တွေရဲ့ ရေအရင်းအမြစ်ကို အဓိကအားဖြင့် ရယူနေရတာပါ။ ရေအရင်းအမြစ်အားလုံးကို ထိန်းသိမ်းရမှာပါ။ ချင်းတွင်းမြစ်ညာမှာ ထမံသီဆည်ကို အိန္ဒိယက လုပ်မှာပါ။ မူးမြစ်၊ မြစ်ငယ်၊ ပန်းလောင် စတာတွေကတော့ စစ်အစိုးရ လုပ်ခဲ့တာပါ။

ဦးသိန်းစိန်အစိုးရ 'မြစ်ဆုံကိစ္စ' ဘာကြောင့် ကမန်းကတန်းကိုင်သလဲ။

ဦးဝဏ္ဏမောင်လွင် ကုလသမဂ္ဂညီလာခံတက်ဖို့ နယူးယောက်မြို့ကို ရောက်နေတုန်း ဝါရှင်တန်နဲ့ပါ လမ်းပေါက်ဖို့ 'မြစ်ဆုံကိစ္စ' ကမန်းကတန်း ကိုင်လိုက်တာပါ။ တကယ်လည်း ဝါရှင်တန်နဲ့ လမ်းပေါက်သွားပါတယ်။

ဒါပေမဲ့ တရုတ်နဲ့တော့ 'ပွတ်တိုက်မှု' ဖြစ်သွားတယ်။ တရုတ်က ဒေါပွတယ်။ သူက 'မြစ်ဆုံကိစ္စ' မှာ စာချုပ်ချုပ်နိုင်ဖို့ ခွံ့ထားတာတွေ၊ ကျွေးထားပေးထားတာတွေက မနည်းဘူး။ တရားတပေါင်ဖြစ်ရင် တရုတ်က တနည်းနည်းနဲ့ ဖွင့်ချတော့မှာပဲ။ နအဖ တွေ၊ တိုင်းမှူးတွေ၊ ကူမင်းက ကောင်စစ်ဝန်ချုပ်အပါအဝင် အားလုံးပတ်သက်လာတော့မှာပါ။ 'မြစ်ဆုံကိစ္စ' မှာ 'အေးရှားဝေါ' က အဓိကအခန်းက ပါနေတော့ အေးရှားဝေါ (စတီဖင်လော၊ ထွန်းမြင့်နိုင်) ရဲ့ စီးပွားပြိုင်ဘက်တွေကလည်း ထကြွလာနိုင်တာပဲ။

အဲဒီလိုဖြစ်တော့ ဦးသိန်းစိန်အစိုးရအနေနဲ့ တရုတ်နဲ့ရန်ပြေမာန်ပြေ ကမန်းကတန်းလုပ်နေရတယ်။ တရားတပေါင်မဖြစ်ဖို့ လုပ်ရတယ်။ ဖာရထေးရတယ်။

'မြစ်ဆုံ' ကြောင့် အမေရိကန် – တရုတ် ပါဝါပျော့လွန်ပွဲကတော့ ပိုပြီးပွဲဆူသွားတာ သေချာတယ်။ အမေရိကန် အမှတ်ရသွားတယ်။

ဗမာပြည်ထဲမှာ သစ်တပင်ခုတ်ဖို့၊ ရွှေတတွင်းတူးဖို့၊ တရုတ်တယောက်ဝင်လာဖို့ ဆိုတာက လွယ်တာမှ မဟုတ်တာပဲ။ စစ်အစိုးရ အာဏာပိုင် ခွင့်မပြုဘဲ ဘာမှလုပ်မရပါဘူး။ 'လူတွင်ပါလို့ နွားကျားဆွဲတာ' ဖြစ်ပါတယ်။ နဝတ၊ နအဖရဲ့ နှစ်ပေါင်း '၂၂' နှစ် စားထား၊ ဝါးထား၊ မျိုထားတာတွေ အားလုံးပေါ်ကုန်တော့မှာမို့ အမေရိကန်နဲ့ ရင်ကြားစေ့သလို တရုတ်နဲ့လည်း ရန်ပြေမာန်ပြေ ကမန်းကတန်းလုပ်နေကြတာပါ။

## (ခ) စည်းရုံးရေးအစီရင်ခံစာ

ခေါင်းဆောင်မှုစဉ်ဆက်မပြတ်ရေး

ပါတီတခုလုံး ယူဂျီ နက်နက်ရှိုင်းရှိုင်း လုပ်နေရချိန်မှာ ဘာ့ကြောင့် 'အထူးကွန်ဖရင့်' ကျင်းပရသလဲ။ ခေါင်းဆောင်မှု စဉ်ဆက်မပြတ်ရေးကို အလေးထားလို့ပဲ။ ယူဂျီဘဝက အတော်ကြာတော့မှာပါ။ ဒါသေချာပါတယ်။

ပါတီစည်းမျဉ်း ပုဒ်မ (၃၃) အရ တင်မြှောက်ထားတဲ့ COC က သက်တမ်း '၂၀' ကျော်နေပြီ။ အခု ပုဒ်မ (၃၈) အရ 'ကွန်ဖရင့် ကျင်းပထားရမှာပဲ။ ဒါမှ စဉ်ဆက်မပြတ်မှာပါ။

'အထူးကွန်ဖရင့်' ကို လုပ်ရတာက ဗဟိုခေါင်းဆောင်မှုအဖွဲ့မှာ နှိုင်းယှဉ်ချက်အရ ငယ်ရွယ်တဲ့ ခေါင်းဆောင်စုနဲ့ ဖြည့်ဆည်းပေးချင်လို့ပဲ။ 'ငါးပုံတပုံ' ထက် မပိုတဲ့ အရေအတွက်ကို ဖြည့်ဆည်းပေးချင်တာရယ်၊ ကိုယ်စားလှယ်များ ကွန်ဖရင့်မှာ တက်ရောက်စေတာ မလုပ်ဘဲ တပါတီလုံး ပါတီဝင်တိုင်းက ဝင်ရောက်ပြီး ပါတီရဲ့လမ်းစဉ်ပေါ်လစီများကို လွတ်လွတ်

လပ်လပ် ဆွေးနွေးစေချင်တာရယ်ကြောင့် ‘အထူး’ လို့ ပြောရတာပါ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်၊ IT ခေတ် ကွန်ဖရင့်ပဲ ဖြစ်မယ်။ မျက်နှာစုံညီ မဖြစ်နိုင်ပါဘူး။

ဘာကြောင့်လဲဆိုတော့ –

ကိုယ့်ကို ‘ဘုံရန်သူ’ လို့ သတ်မှတ်ထားတဲ့ စစ်အာဏာရှင်က ငြိမ်နေမှာ မဟုတ်လို့ပဲ။ နည်းမျိုးစုံနဲ့ ထောက်လှမ်းနေမှာ ဖြစ်လို့ပဲ။ ဦးဝင်းတင်က ဒီချုပ်ရဲ့ အတွင်းသတင်းတွေ ပေါက်ကြားတဲ့အကြောင်း ‘ဘာလဲဟဲ့ လူ့ငရဲ’ စာအုပ်မှာ ရေးခဲ့တယ်။ သူ့အနေနဲ့ ရင်နာ၊ အသည်းနာ၊ နလုံးနာရသတဲ့။ (စပ်စပ်စုစုမလုပ်တဲ့ ‘ခေတ်ပြိုင်ပါတီ’ ချင်းဖြစ်လို့ ထောက်ထောက်ထားထားလုပ်တဲ့ ဗကပ ကတောင် ဒီချုပ် အတွင်းရေးတွေ သိနေကြားနေရတာပဲ။)

မျက်နှာစုံညီတွေ့ကြလို့ ဖြစ်ကိုမဖြစ်ပါဘူး။ သမင်မမွေးခင် ကျားစားခံရမှာပေါ့။ နိုင်ငံရေးလမ်းစဉ်ကိစ္စ၊ ပေါ်လစီကိစ္စတွေမှာ တပါတီလုံး ပါဝင်ဆွေးနွေးနိုင်အောင်တော့ တနည်းတလမ်းနဲ့ ဒီမိုကရေစီအခွင့်အရေး ပေးပါမယ်။

ရှေ့မှာ ကာလရှည်စွာ ပါတီဟာ မြေအောက်ပါတီဘဝနဲ့ နေဖို့ပြင်ထားရဦးမှာပါ။

ဒါကြောင့် ‘အထူးကွန်ဖရင့်’ ကျင်းပပါတယ်။

သခင်စိုးရဲ့ ‘လယ်တဲကွန်ဂရက်’ မျိုးလည်း မလုပ်နိုင်ပါဘူး။

ဂုဏ်နဲ့ဒြပ်ဟပ်မိတဲ့ ‘ကွန်ဖရင့်’ ပဲ လုပ်မယ်။ စည်းမျဉ်းကို ဘယ်တော့မှ မချိုးဖောက်ဘူး။

ပါတီက အသက် ‘၇၀’ ကျော်ပြီလို့ ပြောနိုင်တာဟာ စည်းမျဉ်းကို မချိုးဖောက်ဘဲ အတိအကျလိုက်နာခဲ့လို့ပါ။

အခြေအနေပေးလို့ ဟိုတုန်းက ကွန်ဂရက်ကို မျက်နှာစုံညီကျင်းပခဲ့တယ်။ မျက်နှာစုံညီကွန်ဖရင့်တွေလည်း အကြိမ်များစွာ လုပ်ခဲ့ပါတယ်။

အခုတော့ အဲဒီလို မလုပ်နိုင်ပါဘူး။‘အထူးကွန်ဖရင့်’ ပဲ လုပ်မယ်။ မျက်နှာစုံညီလည်း မလုပ်နိုင်ဘူး။ ဒါပေမဲ့ ကျယ်ပြန့်စေရမယ်။ အပိုင်း (က) ကို ပါတီဝင်တိုင်း ဝင်ပြီးဆွေးနွေးနိုင်တယ်။ (ဘယ်လိုဆွေးနွေးရမယ်ဆိုတာကို ညွှန်ကြားလွှာတွေ (ဗဟို) က ထုတ်ပါမယ်။) ပါတီဝင်တိုင်း ဆီကို ညွှန်ကြားလွှာ ပို့ပါမယ်။ ပါတီရဲ့လမ်းစဉ်ပေါ်လစီကို ပါတီဝင်တိုင်း ပါဝင်ချမှတ်နိုင်ဖို့ စီစဉ်ပါမယ်။

အပိုင်း (ခ) ကိုတော့ လျှို့ဝှက်သိပ်သည်းစွာ လုပ်ပါမယ်။ ‘သမင်မွေးလိုက် ကျားစားလိုက် အဖြစ်မခံနိုင်ပါဘူး။’ ဒါပေမဲ့ ဒီမိုကရေစီနည်းကျဖြစ်စေဖို့ တာဝန်ခံပါတယ်။ (ဒီကိစ္စအတွက်လည်း လျှို့ဝှက်ညွှန်ကြားလွှာ ထုတ်ပါမယ်။)

ရဲဘော်တို့

ရှေ့ခရီးက ရှည်လျားတယ်။ ကြမ်းတမ်းမယ်။ အခက်အခဲတွေ ပွမ်းတီးနေမယ်။ စစ်အာဏာရှင်စနစ်ကသာမက လစ်ဘရယ်များကပါ ဗကပ ကို ဝိုင်းဝန်းထိုးနှက်တာခံရနိုင်တယ်။ (အခုကိုပဲ အတွေးအခေါ်အရ ထိုးနှက်နေပါပြီ။)

ကျွန်တော်တို့ဟာ ခေတ်ပြိုင်ပါတီတွေကို လေးစားပါတယ်။ သူတို့အနေအထားကိုလည်း ထောက်ထားပါတယ်။ သူတို့ကစပြီး မထိုးနှက်သမျှ မိမိက မထိုးနှက်မဝေဖန်ပါဘူး။

နိုင်ငံရေးလမ်းစဉ်ပေါ်လစီနဲ့ ပတ်သက်လာရင်တော့ သဘောတူနိုင်တာကို ‘ဝိုင်းဝန်းမယ်၊ အားပေးမယ်’ လို့ ပြောပါတယ်။ ‘ထောက်ခံတယ်’ လို့တော့ ဘယ်လိုမှ မသုံးနိုင်ပါဘူး။ ဘာတွေလုပ်မယ်မှန်း မသိဘဲ မထောက်ခံနိုင်လို့ပါ။

လစ်ဘရယ်ပါတီတွေရဲ့ မြေပေါ် ‘တရားဝင်ပါတီ’ ဘဝကိုလည်း အားမကျပါဘူး။ ကျွန်တော်တို့ရဲ့ တခါက ခေါင်းဆောင်ကြီးတွေဖြစ်တဲ့ သခင်စိုး၊ ဦးသိန်းဖေ(မြင့်) တို့လို ပါတီဖျက်သိမ်းရတဲ့ ဘဝမျိုးလည်း အရောက်မခံနိုင်ပါ။

ရက်စွဲ။ ။ ၂၅ – ၁၂ – ၂၀၁၁။

အလေးနီဖြင့်
ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

# ကမ္ဘာ့စနစ်သစ်လွန်ပွဲ

# ပြင်းထန်လာတော့မည်

# ဗမာပြည် သတိထားရလိမ့်မည်



(၁) အစိုးရရော၊ ပြည်သူပါ နိုင်ငံရေးအင်အားစုအားလုံးသို့ပါ ဗကပ ရဲ့ အမြင်နဲ့ သဘောထားကို တင်ပြပါသည်။

(၂) ခေတ်သစ်ကမ္ဘာကြီးက 'ကမ္ဘာ့စနစ်' ရှိမှ တည်ငြိမ်၊ အေးချမ်းနိုင်မည့် အခြေအနေဖြစ်သည်။ အခုလည်း (၁၉၄၅) ခုနှစ်က ချမှတ်ထားသော ကမ္ဘာ့စနစ် ရှိပါသည်။ ထိုကမ္ဘာ့စနစ်မှာ ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံရေးစနစ်နဲ့ ကမ္ဘာ့ဘဏ် **(WB)** နဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ **(IMF)** စီးပွားဘဏ္ဍာစနစ် ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂစနစ်ရဲ့အချုပ်က လုံခြုံရေးကောင်စီစနစ် ဖြစ်သည်။ ထိုလုံခြုံရေးကောင်စီတွင် ရုရှား (ဆိုဗီယက်) နဲ့ တရုတ်ကို ထည့်ပေးရသည်။ ဗီတိုအာဏာလည်း ပေးထားရသည်။

ထိုစနစ်ဟောင်းကို အမေရိကန်က ပြုပြင်လိုသည်။ စနစ်သစ်နဲ့ အစားထိုးလိုသည်။ ထို့ကြောင့် သမ္မတဘုရှ် (အကြီး) နဲ့ ကလင်တန်၊ ဘုရှ် (အငယ်) လက်ထက်များတွင် 'ကမ္ဘာ့စနစ်သစ်' ချမှတ်ရေးအတွက် 'ပါဝါအမာ' (စစ်ရေး) သုံးကာ အားထုတ်ဖူးသည်။ ယူဂိုဆလားဗီးယားစစ်ပွဲ၊ အာဖဂန်နစ္စတန်စစ်ပွဲနဲ့ အီရတ်စစ်ပွဲ တိုက်ခဲ့သည်။ အာဖဂန်နဲ့အီရတ်စစ်ပွဲတွင် အမေရိကန် နှာခေါင်းကျည်ပွေ့ တွေ့သည်။

ထို့အပြင် စစ်ပွဲအသုံးစရိတ်များကြောင့် ကမ္ဘာ့စူပါပါဝါက အကြွေးတင်ရာမှာလည်း ထိပ်သီးအဖြစ် ရောက်ရသည်။ (ဒီအဖြစ်မျိုး ရှေးယခင်က မဖြစ်ဖူးပါ။)

၂၀၀၈ ခုနှစ်ကျတော့ အမေရိကန်သမ္မတ အိုဘားမား ဖြစ်လာသည်။ သူက ကမ္ဘာ့စနစ်ချမှတ်ရေးကို အမေရိကန်က ရှေ့ဆောင်ရမည်။ အရင်လို 'ပါဝါအမာ' သုံးတာကို မလုပ်ဘဲ 'ပါဝါအပျော့' ပဲ သုံးရမည်ဟု ဆုံးဖြတ်သည်။ ဟီလာရီကလင်တန်ပြောတဲ့ စမတ်ကျတဲ့ (ပညာသားပါတဲ့) သံခင်းတမန်ခင်းဆိုတာ လုပ်သည်။ နအဖ စစ်အစိုးရနဲ့ ထိတွေ့ဆက်ဆံသည်။ NLD ဒေါ်စုကိုလည်း ဖျောင်းဖျနားချသည်။ ဗမာပြည်ဆိုင်ရာသံတမန် သီးခြားခန့်ထားပြီး 'နအဖ NLD ရင်ကြားစေ့ရေး' ကို တွန်းဆော်သည်။ နအဖ အစိုးရဟာ 'မင်းဆိုးမင်းညစ်တို့ရဲ့ ရှေ့တန်းစခန်း' ဆိုတာကို သူ့အလိုလို ပျက်ပြယ်စေသည်။ NLD ကိုလည်း 'ရွှေဂုံတိုင်ရပ်တည်ချက်' မှ ရွေ့လျားစေသည်။

ဤသည်မှာ နိုင်ငံကြီးများ၏ 'ကမ္ဘာ့စနစ်သစ်ချမှတ်ရေး' လွန်ပွဲက ဗမာပြည်အပေါ် အကျိုးသက်ရောက်မှုပင် ဖြစ်သည်။

အမေရိကန်က ပေါ်လစီပြောင်းကာ ဗမာပြည်အစိုးရကို တရုတ်ကို မှီခိုနေရရာမှ ဆွဲထုတ်ခြင်း ဖြစ်သည်။ တရုတ်နှင့်လည်း ထိပ်တိုက်မတွေ့အောင် သူ၏လှုပ်ရှားမှုများကို တရုတ်သို့ အသိပေးသည်။ လိုအပ်သလိုလည်း ညှိနှိုင်းသည်။ ထို့ကြောင့် တရုတ်နှင့် ပြဿနာမပေါ်ခဲ့ပါ။

(၃) နိုင်ငံတကာ့အခြေအနေသည် အမြဲပြောင်းလဲနေတတ်သည်။ 'ကမ္ဘာ့စနစ်သစ်လွန်ပွဲ' ရှိနေသမျှ အပြောင်းအလဲ ရှိနေလိမ့်မည်။ တခါတရံ ခပ်ကြမ်းကြမ်း လွန်ဆွဲရလေ့ရှိသည်။ ယခု ပြဿနာမပေါ်ပေမယ့် နောင်မှာ ပေါ်နိုင်သည်။

တဖက်နိုင်ငံကြီး၏ အထိမခံနိုင်သောကိစ္စကို ထိပါးမိလျှင် ထိပ်တိုက်တွေ့တတ်သည်။

မျက်မှောက်ခေတ်တွင် ထိပ်သီးချင်း စစ်ဖြစ်ဖို့ မလွယ်ပါ။ သို့သော် ကိုယ်စားလှယ်သုံးပြီး တဖက်သားကို ရန်လုပ်တာတော့ ဖြစ်နိုင်သည်။

၁၉၄၇ မှ ၁၉၈၉ အထိ ဖြစ်ခဲ့သော 'စစ်အေးတိုက်ပွဲ' မျိုး '၂၁ ရာစု' ပုံစံဖြင့် တိုက်ကြတာအထိ ဖြစ်နိုင်သည်။

– ဟိုတုန်းက အတ္တလန်တိတ်သမုဒ္ဒရာမြောက်ဘက်ပိုင်းတွင် အမေရိကန်နဲ့ဆိုဗီယက် ထိပ်တိုက်တွေ့တာ ဖြစ်သည်။ ယခုဖြစ်လျှင် ပစိဖိတ်သမုဒ္ဒရာတောင်ဘက်ပိုင်းမှာ ဖြစ်နိုင်သည်။ အမေရိကန်နဲ့ တရုတ် ထိပ်တိုက်တွေ့တာ ဖြစ်နိုင်သည်။

– သူတို့ထိပ်တိုက်တွေ့လျှင် ဗမာပြည်က လွတ်ကင်းမည် မဟုတ်။ တနည်းနည်းနဲ့ဆွဲသွင်းတာ ရှိနိုင်သည်။

– 'မင်းဆိုးမင်းညစ်ရဲ့ ရှေ့တန်းစခန်း' လို့ သတ်မှတ်ခံရတုန်းက နအဖ စစ်အစိုးရ ထုတ်ပြန်တဲ့ 'ကြွေးကြော်သံ' တွေ အတော်များများ 'သတင်းစာများ' တွင် ပျောက်ကုန်သော်လည်း 'ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ' ဆိုတဲ့ ကြွေးကြော်သံကတော့ ပျောက်မသွားပါ။ ကျန်နေသည်။

ဘုံရန်သူစာရင်းမှ 'တချို့' ကတော့ ပယ်ဖျက်တာ ခံရသည်။ (တချို့ဆိုတာ တော်တော်များများပါသည်။) ပယ်ဖျက်မခံရတာ အတော်နည်းသည်။ ထိုအထဲ 'ဗကပ' ပါသည်။ ထိုသို့ ပါနေလို့ ဝမ်းမြောက်ပါသည်။ စစ်အာဏာရှင်စနစ် – စစ်ဗျူရိုကရေစီယန္တရား – စစ်အစိုးရကို ပြတ်ပြတ်သားသား တိုက်ဖျက်သူအဖြစ် ဂုဏ်ပြုတာလို့ မှတ်ယူပါသည်။ 'ဗကပ' က '၂၀၀၈ အခြေခံဥပဒေ' အောက်သို့ ဘယ်နည်းနဲ့မှ ခေါင်းလျှိုပြီး မဝင်နိုင်ပါ။

– ပြည်တွင်းစစ်ရပ်စဲရေး – ပြည်တွင်းငြိမ်းချမ်းရေး ထူထောင်တာ ကောင်းပါသည်။ သို့သော် သွားရမည့်ခရီး ဝေးသေးသည်။ အစိုးရက မလိမ့်တပတ်လုပ်လျှင် မှားလိမ့်မည်။

'ထာဝရ' ဆိုတာလည်း လောဘကြီးလွန်းသည်။ 'ရေရှည်တည်တံ့သော' ဆိုလျှင် ရပြီ။

'ကမ္ဘာ့စနစ်သစ်လွန်ပွဲ' ဖြစ်နေချိန်တွင် အိမ်တွင်းရေး သာယာငြိမ်းချမ်းနေဖို့ လိုသည်။

– ၂၀၀၈ အခြေခံဥပဒေနဲ့ ထိုဥပဒေအရ ပေါ်လာတဲ့ လွှတ်တော်တို့ အစိုးရတို့ ဆိုတာဟာ 'စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ်ဓနရှင်စနစ်' ၏ အကိုင်းအခက်များသာ ဖြစ်သည်။ အခြေခံက 'စနစ်' ဖြစ်သည်။ 'စနစ်' ကို မဖျက်သိမ်းသမျှ အကိုင်းအခက်ကို ချိုင်နေလျှင် အကိုင်းအခက်အသစ်သာ ထွက်လာလိမ့်မည်။ 'အခြေခံစနစ်' ကို ဖျက်သိမ်းရမည်။ ဦးသိန်းစိန်အစိုးရက 'အခြေခံစနစ်' ကို မထိပါးရုံမက ပိုပြီးကြီးထွားအောင် လုပ်နေတာပဲ တွေ့ရသည်။

(၄) ပါလီမန်တွင်းဝင်ပြီး 'အခြေခံဥပဒေ' ကို ပြင်ဆင်မယ့်လမ်းစဉ်ကို မိမိတို့ စောင့်ကြည့်ပါမည်။ ပါလီမန်ပ လမ်းကြောင်းကိုလည်း မပစ်ပယ်ဟုဆိုသည်။ ကောင်းပါသည်။

သို့သော် –

– ပါလီမန်တွင်းလမ်းကြောင်းကို ဥက္ကဋ္ဌကိုယ်တိုင်က လိုက်နေတော့ ပါလီမန်ပ လမ်းကြောင်းက အရန်လိုဖြစ်နေသည်။ ပါလီမန်ပ လမ်းကြောင်းကို မည်သူတွေ ခေါင်းဆောင်မလဲ မသိပါ။ ဥက္ကဋ္ဌကို လမ်းညွှန်နိုင်ပါ့မလား သံသယရှိသည်။

– ဥပဒေပညာရှင်တွေ အများကြီးရှိတဲ့ ပါတီကြီးက 'ကတိသစ္စာပြုချက် သို့မဟုတ် ကျမ်းသစ္စာ ကျိန်ဆိုချက်' ကို သတိမပြုမိဘူးဆိုတာကို အများကြီး သံသယရှိပါသည်။ ရွေးကောက်ပွဲနဲ့ ဘာမှမဆိုင်တဲ့ 'ဗကပ' ကပင် ပုဒ်မ (၁၂၅) နဲ့ ဇယား (၄) ကို သတိပြုမိသည်။

အခုတော့ အဲဒီလို မဟုတ်။ 'လစ်ဟင်း' သွားတာလို့ ဆိုသည်။ အဲဒီ 'လစ်ဟင်း' မှုကပဲ အာဏာရသူများရဲ့ NLD အပေါ် 'နိုင်ကွက်' ဖြစ်နေမှာ စိုးပါသည်။

– ၂၀၁၅ ခုနှစ်ကိုမျှော်ပြီး ဥပဒေတွင်းပါတီများ လှုပ်ရှားနေကြသည်။ အကြမ်းအားဖြင့် (၃) နှစ် လိုသေးသည်။ ထို (၃) နှစ် အတွင်း 'ကျမ်းသစ္စာကျိန်ဆိုချက်' ကို ပြင်နိုင်မလား။ ရွေးကောက်ပွဲဥပဒေ ဘယ်လိုထွက်လာမလဲ စတာတွေက စောင့်ကြည့်ရမည့်ကိစ္စ ဖြစ်သည်။

– ထို (၃) နှစ်အတွင်း မမျှော်လင့်တာတွေလည်း ဖြစ်နိုင်သေးသည်။ ၂၀၀၈ အခြေခံဥပဒေက ဗိုလ်နေဝင်းရဲ့ '၁၉၇၄ အခြေခံဥပဒေ' နဲ့မတူ။ ရေပက်မဝင်နိုင်အောင် ဘယ်လိုပဲရေးထားထား ယိုပေါက် ဟာပေါက် ရှိတတ်သည်။ ဦးနေဝင်းပင်လျှင် (၁၉၇၇) က ပါတီတွင်း အာဏာသိမ်းပွဲ လုပ်ခဲ့ရသေးသည်။

၂၀၀၈ အခြေခံဥပဒေမှာက ယိုပေါက်ဟာပေါက်တွေ ရှိသည်။ ဘယ်တော့ ဘာဖြစ်မလဲ မပြောနိုင်ပါ။ ထိန်းညှိထားရတာတွေ သိပ်များသည်။ NLD ကို ထိခိုက်လာနိုင်တာကို ထည့်တွက် ထားသင့်သည်။ နဝတ/နအဖ ခေတ် NLD ရဲ့ အတွေ့အကြုံတွေကို မမေ့သင့်ပါ။

(၅) ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲတွေ ရှိမည်။ ရွေးကောက်ပွဲဟူသမျှကို ယေဘုယျအားဖြင့် 'ဗကပ' က မဆန့်ကျင်ပါ။ ဘယ် 'အခြေခံဥပဒေ' ကို အခြေခံပြီး ဘယ်လို 'ရွေးကောက်ပွဲဥပဒေ' နဲ့ ကျင်းပသလဲဆိုတာကိုပဲ အလေးထားပါသည်။

– ပါတီမှတ်ပုံတင်ရေးဥပဒေကို (ဗကပ) က လုံးဝ လက်မခံနိုင်ပါ။ ဒါကြောင့်ပဲ ရွေးကောက်ပွဲဝင်ဖို့ စိတ်မဝင်စားတာ ဖြစ်သည်။ အထူးသဖြင့် ပါတီခေါင်းဆောင်တွေကို 'ပုလိပ်သတင်းပေး' ဖြစ်အောင် လုပ်ထားသည့် အချက်ကို (လုံးဝ) လက်မခံနိုင်ပါ။ ပါတီတခု တရားဝင်လှုပ်ရှားလာပြီဆိုလျှင် သက်ဆိုင်ရာ ထောက်လှမ်းရေး အဖွဲ့များ၊ SB လို အဖွဲ့များက စုံစမ်းထောက်လှမ်းလျှင် ပါတီဝင်စာရင်းကို အလွယ်တကူ ရနိုင်ပါသည်။ ပါတီခေါင်းဆောင်များကို ပုလိပ်သတင်းပေးဖြစ်အောင်လုပ်တာတော့ လွန်လွန်းပါသည်။

– အခြေခံဥပဒေက ဒီမိုကရေစီအခြေခံဥပဒေလည်းဖြစ်ပြီး ပါတီကို လွတ်လပ်စွာဖွဲ့စည်းပြီး ငြိမ်းချမ်းစွာ လှုပ်ရှားခွင့်လည်း ရမည်ဆိုလျှင် ဗကပ က ဥပဒေဘောင်ထဲဝင်ချင်သည်။ အဲဒါတွေမရှိရင် မြေအောက် ပါတီအဖြစ်ပဲ ရပ်တည်နေမည် ဖြစ်ပါသည်။

– ဘယ်လိုပဲ ရပ်တည်နေရသည်ဖြစ်စေ ဗမာပြည်၏ နိုင်ငံရေးပင်မရေစီးနဲ့ မကင်းကွာအောင် ကြိုးစားပါမည်။

# အမေရိကန် – တရုတ် ပါဝါပျော့လွန်ပွဲ စစ်အုပ်စုတွင်း ‘အာဏာလွန်ပွဲ’

## ‘ပါဝါပျော့လွန်ပွဲ’

အမေရိကန်နဲ့တရုတ်ကြားမှာ လွန်ပွဲ ဖြစ်နေတာ သိပ်မကြာသေး။ အမေရိကန်၏ နဝတ/နအဖ စစ်အစိုးရကို ဖြုတ်ချရေး၊ ၁၉၉၀ ရွေးကောက်ပွဲနိုင်တဲ့ NLD ကို အစိုးရအဖြစ်တင်ရေး ပေါ်လစီမှ စစ်အစိုးရနဲ့ ထိတွေ့ဆက်ဆံရေး၊ စစ်အုပ်စုနဲ့ NLD ရင်ကြားစေ့ပေးရေး ပေါ်လစီသို့ ပြောင်းသွားပြီးကတည်းက ‘ပါဝါပျော့လွန်ပွဲ’ ဖြစ်ခဲ့တာပါ။

ဦးသိန်းစိန်အစိုးရ၏ ‘နိုင်ငံရေး အပြောင်းအလဲ’ များသည် အမေရိကန်နဲ့ အပေါင်းအဖော်များ၏ ‘ပေါ်လစီအပြောင်းအလဲ’ ကြောင့် ပေါ်လာတာဖြစ်သည်။

## ‘ဆန်ရှင်ကိစ္စ’ က အထစ်အငေါ့မဟုတ်တော့ပါ

နိုင်ငံရေးပြောင်းလဲမှုက မြန်သည်။ သံတမန်ဆက်ဆံရေး ပြန်ထားတော့မည်။ အနောက်ဂိုဏ်းက အစိုးရဝန်ကြီးတွေ၊ ဝန်ကြီးချုပ်တွေ ဗမာပြည်သို့ ဥဒဟိုဝင်ထွက်နေကြပြီ။

နိုင်ငံရေးအပြောင်းအလဲက မြန်ပေမယ့် စီးပွားရေးအပြောင်းအလဲက မမြန်နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ စီးပွားရေး အကွက်အကွင်းတွေက အိမ်နီးချင်းတွေလက်ထဲ ရောက်နေပြီး စာချုပ်စာတမ်းနဲ့ လုပ်ထားတာဖြစ်လို့ အပြောင်းအလဲလုပ်ဖို့က မမြန်နိုင်ပါ။

ထိုင်း၊ တရုတ်၊ အိန္ဒိယတို့က အတော်ကြီးလက်ဦးမှု ရနေသည်။ တရုတ်နဲ့ စာချုပ်စာတမ်းလုပ်ထားတာတွေက ပိုများသည်။

ထိုင်းတို့ အိန္ဒိယတို့ကိုတော့ အမေရိကန်က မိတ်ဖက်လို့ သဘောထားသည်။ တရုတ်နဲ့ပဲ ‘ပါဝါပျော့လွန်ပွဲ’ ဆွဲတာ ဖြစ်သည်။

ဗမာပြည်မှာ စီးပွားရေးလုပ်ရာမှာလည်း မြန်မြန်လုပ် မြန်မြန်မြတ်ဖို့ပဲ သူတို့အာသီသရှိသည်။ စစ်အုပ်စုက နောက်ပြန်လှည့်သွားမှဖြင့် ခက်ရချေရဲ့ဟု တွေးသည်။ ဒါကြောင့် နောက်ပြန်လှည့်မလှည့်ကိုပဲ စနည်းနာသည်။ ဗမာပြည်နိုင်ငံရေးလောကမှ ပုဂ္ဂိုလ်များကလည်း ဘယ်သူမှ အာမမခံနိုင်။ ရဲရဲကြီးအာမခံနေသူက သမ္မတဦးသိန်းစိန်ပဲ ဖြစ်သည်။ စီးပွားပျက်ကပ်ကာလကြီးတွင် ဘယ်သူမှ မစွန့်စားရဲကြ။

လွန်ပွဲက ကြာလေပြင်းထန်လေ ဖြစ်လိမ့်မည်။

## ‘ပါဝါပျော့လွန်ပွဲ’ နဲ့ ‘စစ်အုပ်စုတွင်း အာဏာလွန်ပွဲ’ ဆက်စပ်မှု

ဒီ‘လွန်ပွဲ’ နှစ်ခုက ဆက်စပ်နေသည်။ လက်ရှိအာဏာရ စစ်အုပ်စုထဲမှာ တရုတ်နဲ့စာချုပ်စာတမ်း ချုပ်ဆိုရာမှာ ထဲထဲဝင်ဝင် ပါဝင်ခဲ့သူတွေ ရှိသည်။ တရုတ်နဲ့ချုပ်ထားတဲ့ စာချုပ်ကို သူတို့ လိုလားလိမ့်မည်။

ထို့အတူ မဆလ အစိုးရခေတ်က အမေရိကန်စစ်ကျောင်းတက်ခဲ့ရသူတွေ ရှိသည်။ အမေရိကန်လွှတ်တော်အမတ်ကို သမ္မတက တွေ့တော့ ဝန်ကြီးတချို့က သူက ဘယ်အမေရိကန် ကျောင်းဆင်းပါဆိုပြီး လက်ဆွဲနှုတ်ဆက်ကြတယ်လို့ရေးတာ ဖတ်ရသည်။

တရုတ်နဲ့ မိတ်မပျက်ချင်သူရှိသလို အမေရိကန်နဲ့ရင်ကြားစေ့လိုသူရှိသည်။

လွန်ခဲ့တဲ့ ၁၉၉၀ စစ်အေးခေတ် ကုန်ဆုံးချိန်ကဆိုလျှင် ဒီကိစ္စက

ဘာမှပြဿနာ မရှိနိုင်။ အမေရိကန်နဲ့တရုတ် စစ်အေးလွန်ခေတ် ပျားရည်ဆမ်းနေချိန် ဖြစ်သည်။

အခုတော့ လွန်ပွဲဖြစ်နေပြီ။ ကိစ္စတိုင်းက ပြဿနာဖြစ်လာနိုင်သည်။ မြစ်ဆုံကိစ္စကို ကြည့်ပါ။ တရုတ်နဲ့ စာချုပ်ချုပ်ခဲ့သူတွေရော၊ သမ္မတပါ ရှင်းလိုက်လင်းလိုက် လုပ်ခဲ့ရသည်။ ပြဿနာက မပြီးသေး။ မြစ်ဆုံကိစ္စ စာချုပ်ခဲ့သူတွေက တရုတ်နဲ့နယ်စပ်က စစ်တိုင်းတွေမှာ တိုင်းမှူးလုပ်ဖူးသူတွေ ဖြစ်နေသည်။ လျှပ်စစ်ဝန်ကြီးတွေ ဖြစ်နေသည်။

သမ္မတအာဏာနဲ့ မြစ်ဆုံကိစ္စ သူ့လက်ထက်မှာ ရပ်ဆိုင်းလိုက်တယ်လို့ ဆုံးဖြတ်သူ ဦးသိန်းစိန်က အဲဒီစာချုပ် ချုပ်တာမှာ ထဲထဲဝင်ဝင်ပါခဲ့ရပုံ မပေါ်ပါ။

တရုတ်နဲ့ စာချုပ်ချုပ်တဲ့ကိစ္စမှာလည်း ဗိုလ်သန်းရွှေသဘောမတူဘဲ လုပ်ဝံ့ကြမှာ မဟုတ်ပါ။

ဒါပေမဲ့ အခုခက်နေတာက ဗိုလ်သန်းရွှေက နာစေးနေသည်။ သူဝင်ပြီးရှင်းလို့ မဖြစ်နိုင်။ ဘာကြောင့်လဲဆိုတော့

– '၂၀၀၈ အခြေခံဥပဒေ' က စစ်အုပ်စုဝင်တွေကို အိမ်ခွဲပေးထားပြီး အာဏာပြိုင်လုပ်ခိုင်းထားတာ ဖြစ်သည်။ ဗိုလ်သန်းရွှေက ဘက်လိုက်လို့ မဖြစ်။ ဗိုလ်နေဝင်းလို လုပ်နိုင်တဲ့သြဇာလည်း မရှိ။

– ကိုယ့်အာဏာအဝန်းအဝိုင်းအတွင်းမှာ စစ်အုပ်စုဝင်တွေ တဗိုလ်တမင်း လုပ်နေကြတာ ဖြစ်သည်။ သမ္မတက တမျိုး၊ ဒုသမ္မတ (စစ်ဗိုလ်အမတ်တွေတင်တဲ့ အိမ်ရှေ့စံ) က တမျိုး၊ လွှတ်တော်ဥက္ကဋ္ဌ၊ နာယကတွေက တမျိုး၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တမျိုး။ ကိုယ့်ပိုင်နက်မှာကိုယ် တဗိုလ်တမင်း လုပ်နေကြတာ ဖြစ်သည်။ ဒါကို 'ဒီမိုကရေစီကျင့်စဉ်ထုံးစံ' ပဲလို့ ယူဆလျှင် နံ့အရာကျမည်။

– မဆလ ခေတ်ကလည်း ဒီလိုအဖြစ်မျိုး ဖြစ်ခဲ့သည်။ 'အာဏာဗိုလ်လုပွဲ' ဖြစ်ခဲ့သည်။ ဗိုလ်နေဝင်းက သြဇာရှိတော့ ရှင်းပေးခဲ့သည်။ အခြေခံဥပဒေပြင်ပက ရှင်းဖို့လိုလျှင်လည်း ထောက်လှမ်းရေးဗိုလ်ကို လွှတ်ပြီး ရှင်းလိုက်သည်။

ဗိုလ်သန်းရွှေ အဲဒီလိုလုပ်နိုင်သူ မဟုတ်။ သူသေရင် ဘယ်သူ နံ့ပါတ်ဝမ်းလုပ်လို့ ပြောနိုင်တာလည်း မဟုတ်။ ဗိုလ်နေဝင်းကတော့ 'စောမောင် – ခင်ညွန့် အာဏာသိမ်းကြတော့' လို့ ပြောဝံ့သည်။

– အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ' (အကလ) ဖွဲ့စည်းထားပုံ ကြည့်ပါ။

ဒီကောင်စီကို သမ္မတ ဦးဆောင်တယ်လို့ ရေးထားသည်။ ဒါပေမဲ့ ကာကွယ်ရေးဦးစီးချုပ်က အဲဒီ 'အကလ ကောင်စီ' အများစုကို ခန့်နေသည်။

## 'အာဏာလွန်ပွဲ' ဘယ်တော့ပြီးမလဲ

'၂၀၀၈ အခြေခံဥပဒေ' ဖျက်သိမ်းခံရတဲ့နေ့မှာမှ ပြီးမှာဖြစ်သည်။ 'ပါဝါပျော့လွန်ပွဲ' ကတော့ အမေရိကန် – တရုတ် လွန်ပွဲ ပြတ်ပြတ်သားသား အဖြေထွက်ဖို့ မလွယ်။ စစ်ဖြစ်မှပဲ ပြတ်မည်။ ဒါကြောင့် ရေရှည်အမြင်နဲ့ပဲ လုပ်ကြရပါလိမ့်မည်။

လွန်ပွဲ မပြီးသေးသမျှ ဦးတင်အောင်မြင့်ဦးရဲ့ နုတ်ထွက်စာလိုကိစ္စမျိုးတွေ ပေါ်နိုင်ပါသည်။ ဘာဖြစ်လို့ ဘာဖြစ် နေသည်ကို ပြည်သူသို့ အသိပေးရိုးထုံးစံ စစ်အုပ်စုမှာ မရှိပါ။

## နောက်ပြန်လှည့်မလှည့်ဆိုတဲ့ကိစ္စ

လိုချင်တာအားလုံး ရနေမှတော့ စစ်အုပ်စုက ဘာကြောင့်နောက်ပြန်လှည့်မလဲ။

အပျော့ဂိုဏ်းအမာဂိုဏ်းဆိုတဲ့ စဉ်းစားနည်းကနေပြီး နောက်ပြန်လှည့်မလှည့် စဉ်းစားနည်းပေါ်တာ ဖြစ်သည်။

လွဲမှားတဲ့ ကောက်ချက်ကိုပဲ ဖြစ်စေပါလိမ့်မည်။ 'နောက်ပြန်မလှည့်အောင်ချော့ထား' 'သမ္မတဦးသိန်းစိန်ကို အားပေး' ဆိုတဲ့လမ်းစဉ်မှား ဖြစ်စေလိမ့်မည်။

မိမိတို့ပြည်သူတွေ စဉ်းစားရမှာက သူတို့နောက်ပြန်လှည့်မလှည့် မဟုတ်ပါ။ မိမိတို့ နောက်ပြန်လှည့်လို့မရတဲ့ အနေအထားသို့ မရောက်ဖို့ပဲ ဖြစ်သည်။

## နောက်ပြန်လှည့်မလှည့်ကိစ္စ
## (ဗကပ အာဘော်)

(၁) နောက်ပြန်လှည့်မလှည့်ကိစ္စကို ပြည်တွင်းပြည်ပက စိတ်ဝင်စားကြတယ်။ NLD ဥက္ကဋ္ဌရဲ့ အနောက်နိုင်ငံများခရီးမှာ ဒီကိစ္စကပဲ ရှေ့တန်းရောက်မေးခွန်း ဖြစ်တယ်။ NLD ဥက္ကဋ္ဌကလည်း ယတိပြတ်မဖြေနိုင်ဘူး။ ဦးသိန်းစိန်ကို စိတ်ချရပေမယ့် တခြားစစ်တပ်အာဏာပိုင်တွေကို စည်းရုံးနိုင်ပ့ါမလားဆိုတာ သံသယရှိတဲ့ သဘောပြောတာ တွေ့ရတယ်။ (NLD နဲ့ ဦးသိန်းစိန်ပေါင်းပြီး စည်းရုံးရင်တော့ အောင်မြင်စရာ ရှိတယ်လို့လည်း ထင်နေပုံရတယ်။)

(၂) အရှေ့က တရုတ်ကလည်း စိတ်ဝင်စားဟန်ရှိတယ်။ ကြံ့/ဖွံ့ အထွေထွေအတွင်းရေးမှူးကို ဖိတ်ခေါ်ပြီး တီးခေါက်ကြည့်တာ တွေ့ရတယ်။ တရုတ်စိတ်ဝင်စားတာက တမျိုးဖြစ်တယ်။ (၁၉၈၉) ကနေ (၂၀၁၀) အထိ ချုပ်ဆိုခဲ့တဲ့ စာချုပ်စာတမ်းတွေရဲ့ အနာဂတ်ကို စိတ်ပူတာ ဖြစ်တယ်။

ကြံ့/ဖွံ့ အထွေထွေအတွင်းရေးမှူးကလည်း စိတ်အေးအောင်အာမခံခဲ့တယ်။

(၃) ပြည်ပက စိတ်ဝင်စားတာက သူတို့ရဲ့အကျိုးစီးပွားအပေါ် အခြေခံတာပဲ။ တီးခေါက်ကြည့်ကြတာပဲ ဖြစ်တယ်။

မိမိတို့စိတ်ပူတာက တမျိုးဖြစ်တယ်။ နောက်ပြန်လှည့်မလှည့်ဆိုတာဟာ ဖြောင်ကျတဲ့ စစ်အာဏာရှင်စနစ်ဆီ ပြန်သွားမသွားကို စကားလုံးတမျိုးနဲ့ ပြောတာပဲ ဖြစ်တယ်။

(ဗကပ) က ယတိပြတ်ပြောပါမယ်။

(က) အချိန်မရွေး နောက်ပြန်လှည့်နိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိနိုင်ငံတကာ့ အခင်းအကျင်းအတိုင်း နိုင်ငံကြီးတွေက လိုက်နာကျင့်သုံးနေရင်၊ ပါဝါပျော့လွန်ပွဲကိုပဲ အမေရိကန်နဲ့ အပေါင်းပါတွေကတဖက်၊ တရုတ်–ရုရှား (ဆိုတဲ့ နိုင်ငံတွေ) က တဖက် ဆက်လက်ဆွဲနေကြရင် နောက်ကြောင်းပြန်လှည့်ဖို့ စစ်အုပ်စုက စဉ်းစားမှာ မဟုတ်ပါဘူး။

(ခ) နောက်တကြောင်းက '၂၀၀၈ အခြေခံဥပဒေ' ကို ပြည်သူက တိုက်ရိုက်စိန်ခေါ်တာ မလုပ်ရင်၊ '၂၀၀၈ အခြေခံဥပဒေ' အတိုင်း ရှောရှောရှူရှူစခန်းသွားလို့ရနေရင် နောက်ကြောင်းပြန်လှည့်ဖို့ စိတ်ကူးမှာ မဟုတ်ပါဘူး။ (အာရပ်နွေဦးလိုဖြစ်မှာကို ဦးသိန်းစိန်ရော၊ NLD ဥက္ကဋ္ဌပါ မလိုလားဘူးလို့ ပြောနေပါတယ်။ ဒါပေမဲ့ ထိန်းမနိုင်သိမ်းမရဖြစ်မှာလည်း သူတို့တွက်မိပုံ ရပါတယ်။ အလုပ်သမား၊ လယ်သမားနဲ့ လူငယ်အလုပ်လက်မဲ့ပြဿနာ၊ ဆင်းရဲမွဲတေမှုလျှော့ချရေးပြဿနာ ရှိနေတာကို သူတို့ သိပါတယ်။)

(၄) မျက်မှောက် နိုင်ငံတကာနဲ့ ပြည်တွင်းအခြေအနေအရ (တွက်ဆ) ရတာက စစ်အုပ်စုက သမ္မတရဲ့ အာဏာနဲ့ အရေးပေါ်အခြေအနေ ကြေညာတာ၊ ပုဒ်မ (၄၁၀) ကျင့်သုံးတာကိုပဲ စစ်အုပ်စုက လိုလားပါလိမ့်မယ်။

အရေးပေါ်အခြေအနေ ကြေညာနိုင်ဖို့ အာဏာမက်တဲ့ စစ်ဗိုလ်တွေက တမင်ဖန်တီးနိုင်ပါတယ်။ ဗမာပြည်မှာ ရခိုင်မှာဖြစ်သလိုမျိုး ဖန်တီးနိုင်တဲ့ ဒေသတွေ သိပ်များပါတယ်။

(၅) အချုပ်အခြာအာဏာက (၁၉၆၂) ကစပြီး အခုအထိ စစ်အုပ်စုလက်ထဲမှာပါ။ ဒါကို မေ့နေရင် ဒုက္ခရောက်ကြလိမ့်မယ်။ '၁၉၉၀' ရွေးကောက်ပွဲ NLD က ခွင်လုံးကျွတ်နီးပါး နိုင်တုန်းက နဝတ ဘာလုပ်ခဲ့သလဲဆိုတာ မမေ့သင့်ပါ။

'၂၀၀၈ အခြေခံဥပဒေ'ရဲ့ နိဒါန်းကိုလည်း အသေးစိတ်လေ့လာကြစေချင်တယ်။ 'စစ်အာဏာသိမ်းတာ တရားတယ်' လို့ ရေးထားတာပါ။

'၂၀၀၈ အခြေခံဥပဒေ' အလုပ်ဖြစ်နေသမျှတော့ နာမည်ပျက်ခံပြီး စစ်အာဏာသိမ်းပွဲ လုပ်ကြမှာ မဟုတ်ပါကြောင်း။

နိုင်ငံတကာကဗျာ



# လင်စတန်ဟျူးစ်

လင်စတန်ဟျူးစ်ကို ၁၉၀၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့၊ အမေရိကန်နိုင်ငံ။ မစ်ဇူရီပြည်နယ်၊ ဂျော့ပလင်မြို့ (Joplin, Missouri) မှာ မွေးဖွားခဲ့ပါတယ်။ သူကလေးဘဝမှာပဲ သူ့အဖေနဲ့ အမေကွဲသွားပြီး သူ့အဖေက မက္ကစီကို ကိုထွက်၊ သူက အဖွားနဲ့ ၁၃ နှစ်သား အရွယ်အထိ နေရစ်ခဲ့ရပါတယ်။ အဲဒီနောက်မှာ သူဟာ အီလီနွိုက်စ်ပြည်နယ်၊ လင်ကွန်း (Lincoln, Illinois) ကို ပြောင်းပြီး သူ့အမေ၊ သူ့ပထွေးတို့နဲ့အတူ နေခဲ့ပါတယ်။ အဲဒီနောက်မှာ အိုဟိုင်းအိုပြည်နယ်၊ ကလိဗ်လင်း (Cleveland, Ohio) မှာ အခြေချ ခဲ့ပါတယ်။ သူဟာ ကိုလံဘီယာတက္ကသိုလ်မှာ တနှစ်နေခဲ့ပေမယ့် အသက်မွေးဝမ်းမှုအဖြစ် လက်ထောက်စားဖိုမှူး၊ ခဝါသည်၊ ဘတ်စ် ကားလက်မှတ်ရောင်းသူ စတဲ့အလုပ်တွေကို လုပ်ခဲ့ပါတယ်။ သင်္ဘောသားလုပ်ရင်း အာဖရိကနဲ့ဥရောပတို့ကို ခရီးလှည့်ခဲ့ပါတယ်။ ၁၉၂၄ ခုနှစ်မှာ သူဝါရှင်တန်ကို ပြောင်းလာပြီး ၁၉၂၆ ခုနှစ်မှာ သူ့ရဲ့ပထမဆုံးကဗျာစာအုပ်ကို ထုတ်ခဲ့ပါတယ်။ ၁၉၃၀ ခုနှစ်မှာ ထုတ်တဲ့ 'ရယ်မောမှု မပါသည်မဟုတ်' (Not Without Laughter) ဆိုတဲ့ ဝတ္ထုရှည်စာအုပ်က 'ဟာမွန်' (Harmon) ရွှေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ ၁၉၂၉ ခုနှစ်မှာ သူဟာ လင်ကွန်းတက္ကသိုလ်က ဘွဲ့ရခဲ့ပါတယ်။

လင်စတန်ဟျူးစ်ဟာ ပေါလ်လောရင့်စ်ဒန်ဘာ (Paul Lawrence Dunbar) ကားလ်စင်းဘာ့ဂ် (Carl Sandburg) နဲ့ ဝေါ့ဝှစ်မင် (Walt Whitman) တို့ကို သူ့ရဲ့ ကာလဦး စာပေအပေါ် ဩဇာညောင်းသူများအဖြစ် ပြောလေ့ရှိပါတယ်။ ၁၉၂၀ စုနှစ်များကနေ ၆၀ စုနှစ်များအထိ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများ ရေးခဲ့တဲ့သူဟာ ဂျက်ဇ်ဂီတလောကနဲ့လည်း ခွဲမရအောင် ပတ်သက်နေပါတယ်။

လင်စတန်ဟျူးစ်ဟာ ၁၉၆၇ ခုနှစ် မေလ ၂၂ ရက်နေ့မှာ နယူးယောက်ရှိ သူ့နေအိမ်မှာ ကင်ဆာနဲ့ ကွယ်လွန်ခဲ့ပါတယ်။ သူကွယ်လွန်ပြီးတဲ့နောက်မှာ နယူးယောက်၊ ဟာလမ်ရပ်ကွက်။ အရှေ့၁၂၇လမ်းက သူနေသွားတဲ့ အိမ်ကိုနယူးယောက်ရဲ့အမှတ်အသား အဆောက်အဦအဖြစ်နဲ့ ထိန်းသိမ်းထားခဲ့ပြီး အဲဒီ အရှေ့ ၁၂၇ လမ်းကိုလည်း "လင်စတန်ဟျူးစ်နေရာ" လို့ နာမည်ပြောင်း မှည့်လိုက်ပါတယ်။



## ငါလည်းအမေရိကန်ဘွဲ့သီကျူးတယ်

ငါဟာညီနောင်တွေထဲကအသားပိုမည်းတဲ့လူ
အပေါင်းအသင်းတွေလာရင်
သူတို့ကငါ့ကို မီးဖိုချောင်ထဲမှာထမင်းစားခိုင်းတယ်
ဒါပေမဲ့ ငါကတော့ရယ်တယ်
ကောင်းကောင်းစားတယ်
ထွားကြိုင်းလာတယ်။

မနက်ဖန်ကျရင်
ငါစားပွဲပေါ်ကိုရောက်မယ်
အဲဒီအခါမှာ
အပေါင်းအသင်းတွေလာရင်
ဘယ်သူကမှငါ့ကို
“မီးဖိုချောင်ထဲမှာစားချေ”လို့
ပြောရဲမှာမဟုတ်ဘူး။

ဒါ့အပြင်
ငါဘယ်လောက်ချောကြောင်းသူတို့သိမယ်
ရှက်လည်းရှက်ကြမယ်။

ငါလည်း အမေရိကန်ပဲ။

## *I, too, sing America.*

*I am the darker brother.*
*They send me to eat in the kitchen*
*When company comes,*
*But I laugh,*
*And eat well,*
*And grow strong.*

*Tomorrow,*
*I’ll be at the table*
*When company comes.*
*Nobody’ll dare*
*Say to me,*
*“Eat in the kitchen,”*
*Then.*

*Besides,*

*They’ll see how beautiful I am*
*And be ashamed—*

*I, too, am America.*



## မိခင်မှသားသို့ *Mother to Son*

“အမေပြောမယ် ငါ့သား
ဘဝဆိုတာ ဖန်လှေကားထစ်မဟုတ်ဘူး
သံချွန်တွေရှိတယ်
သစ်စ သံစနဲ့ ပုလင်းကွဲတွေရှိတယ်
ပျဉ်တွေကလဲကွဲ
ကော်ဇောခင်းမထားတဲ့ကြမ်းပြင်ဟာ
ဗလာကျင်း
ဒါပေမဲ့ တချိန်လုံး
အမေကတော့တက်ဆင်းနေတယ်
အောက်ကိုရောက်လိုက်
အကွေ့တွေကွေ့လိုက်
တခါတလေတော့လည်း အလင်းရောင်မရှိတဲ့
မှောင်ထဲမှာသွားရတယ်။
ဒီတော့ ငါ့သား၊ နောက်ကြောင်းပြန်မလှည့်လေနဲ့
လှေကားထစ်တွေပေါ်မှာလည်း ထိုင်မချနဲ့
မာကျောကြောင်း မင်းတွေ့လိမ့်မယ်
အခုအချိန်မှ လဲမကျစေနဲ့
အမေကတော့သွားနေတုန်းပဲ ငါ့သား
တက်နေတုန်းပဲ
အမေ့အတွက်တော့ဘဝဆိုတာ
ဖန်လှေကားထစ်မဟုတ်ဘူး

*Well, son, I’ll tell you:*
*Life for me ain’t been no crystal stair.*
*It’s had tacks in it,*
*And splinters,*
*And boards torn up,*
*And places with no carpet on the floor—*
*Bare.*

*But all the time*
*I’se been a-climbin’ on,*
*And reachin’ landin’s,*
*And turnin’ corners,*
*And sometimes goin’ in the dark*
*Where there ain’t been no light.*

*So, boy, don’t you turn back.*
*Don’t you set down on the steps.*
*‘Cause you finds it’s kinder hard.*
*Don’t you fall now—*
*For I’se still goin’, honey,*
*I’se still climbin’,*
*And life for me ain’t been no crystal stair.*

# ၈၈ အရေးတော်ပုံကို ခြုံငုံသုံးသပ်ချက်



(၁) ၁၉၈၈ ခုနှစ်က စခဲ့တဲ့ ဒီမိုကရေစီအရေးတော်ပုံကို ခြုံငုံသုံးသပ်လို့ ရပါပြီ။ 'အပြောင်းအလဲ' တွေရဲ့ မြင်ကွင်းရှင်းသွားလို့ ဒီသုံးသပ်ချက်ကို ရေးပါတယ်။

ဗကပ ရဲ့ သုံးသပ်ချက်ပါ။ ဗကပ က ၁၉၉၀ ကတည်းက နောက်ဆုံးကတုတ်ထိ ဆုတ်ပြီးသားဖြစ်လို့ 'အပြောင်းအလဲ' လုပ်ရတဲ့အထဲ မပါပါဘူး။ ဘေးတိုက်မြင်ကွင်းကနေ သုံးသပ်တာပါ။

(၂) ၁၃၀၀ ပြည့်အရေးတော်ပုံက စလိုက်တဲ့လှုပ်ရှားမှုကြီးဟာ '၉' နှစ် နေတော့ ရည်မှန်းချက်ပန်းတိုင် အောင်မြင်တယ်။ ၁၃၅၀ အရေးတော်ပုံကတော့ မကြာမီ '၂၅' ပြည့်တော့မှာပါ။ အောင်မြင်မှုပန်းတိုင်သို့ မရောက်ပါ။ ဝဲလည်နေပါတယ်။

ဘာ့ကြောင့်လဲ။ ဒါကိုပဲ အဓိကထား သုံးသပ်မှာပါ။

(၃) ပကတိဘာဝအကြောင်းမှာ နိုင်ငံတကာ့အခြေအနေ ပြောင်းလဲမှု ဖြစ်တယ်။ မိမိတို့ ပြဋ္ဌာန်းနိုင်တာ မဟုတ်ပါ။ နိုင်ငံတကာ့အင်အားကြီး နိုင်ငံတွေက ပြဋ္ဌာန်းတာပါ။

– ၁၉၈၈ မှ ၂၀၀၈ အထိ နှစ် (၂၀) အခြေအနေက မိမိတို့ဘက်ကို အခွင့်သာစေပါတယ်။

တရုတ်ကလွဲရင် ကျန်အင်အားကြီးနိုင်ငံတွေရဲ့ ထောက်ခံမှု၊ ကူညီမှုကို ရပါတယ်။ နောက်ပိုင်းမှာတော့ အိန္ဒိယက ပေါ်လစီပြောင်းပါတယ်။ ၂၀၀၈ ကျတော့ အမေရိကန်၊ အင်္ဂလိပ်၊ ဂျပန် စတာတွေကပါ ပေါ်လစီပြောင်းကုန်ပါတယ်။

– မျက်မှောက်ဖြစ်နေတဲ့ မိမိတို့ပြည်တွင်းက အပြောင်းအလဲတွေဟာ အဲဒီနိုင်ငံတကာ့ အပြောင်းအလဲကြောင့် ဖြစ်တာပါ။ မိမိတို့ဟာ နိုင်ငံတကာ့အပြောင်းအလဲနဲ့အညီ ထိန်းညှိရပါမယ်။

(၄) အတ္တဘာဝအပြောင်းအလဲကတော့ မိမိတို့နဲ့ပဲ ဆိုင်ပါတယ်။ မိမိတို့ ဘာလုပ်သလဲ၊ မိမိတို့ရဲ့ဆန္ဒက ဘာလဲ၊ လမ်းစဉ်ပေါ်လစီ ဘယ်လိုချမှတ်သလဲ စတာတွေမှာ အားသာချက်အားနည်းချက်ကို ရှာရပါမယ်။

ဗကပ ရှာလို့တွေ့တဲ့ အားနည်းချက်က ချုပ်ပြီးပြောရရင်

– အမျိုးသားညီညွတ်ရေး မတည်ဆောက်နိုင်တာပဲ။ ဒီလိုဖြစ်တာကလည်း ဘုံလုပ်ငန်းစဉ် မရှိလို့ပဲ။ (လွတ်လပ်ရေးတိုက်ပွဲကာလတုန်းက အမျိုးသားညီညွတ်ရေး ရှိတယ်။ ဘုံလုပ်ငန်းစဉ် ရှိတယ်။)

– အမျိုးသားညီညွတ်ရေး မရှိတော့ အခါအခွင့်ကောင်းတချို့ လက်လွှတ်ခဲ့ရတယ်။ (၁၉၈၈) မှာ တကြိမ်၊ (၁၉၉၀) မှာတကြိမ် လက်လွှတ်ခဲ့တယ်။ နောက်တော့ အခါအခွင့်ကောင်း မပေါ်တော့ပါ။

– စွန့်လွှတ်စွန့်စားမှုမှာ အခု စွန့်လွှတ်စွန့်စားရမှုက အများကြီး မြင့်ပါတယ်။ ကြာလည်းကြာပါတယ်။ ဒါပေမဲ့ ရလဒ်ကောင်း မရဘူး။ ဘာကြောင့်လဲ။ မိမိတို့ မညီညွတ်ကြလို့ပါ။ တခုတည်းသောဗဟို မရှိလို့ပါ။

– ဒီလိုဖြစ်ရတာမှာလည်း အကြောင်းရှိတယ်။ ဟိုတုန်းက အားလုံးက လုပ်ဖော်ကိုင်ဘက်ဟောင်းတွေချည်းပဲ။ သဘောထားကွဲလွဲရင်လည်း ကျိတ်ချေလို့ ရကြတယ်။

– အခုတော့ သဘောထားကွဲလွဲရင် လူလည်း ကွဲတာပဲ။ စင်ပြိုင်လုပ်တာပဲ။ ကြာတော့ အဖွဲ့တွေ၊ အစုတွေ အများကြီး ဖြစ်လာတယ်။

(၆) ခြုံငုံသုံးသပ်တာရဲ့ရည်ရွယ်ချက်က –

– အခြေအနေသစ်မှာ မိမိတို့ ဘာလုပ်ကြမလဲဆိုတာကို ဆုံးဖြတ်ဖို့ပါ။

– ဇာတ်ဝင်ခန်းတခန်း ပြီးသွားတာဟာ ပွဲတခုလုံး ပြီးသွားတာ မဟုတ်ပါ။

– ရှေ့မှာ ဗကပ က ‘ကြံဆချက်’ များ တင်ပြသွားပါမယ်။ အရေးတော်ပုံ မအောင်မြင်မချင်း ဗကပ ကတော့ ကြံဆနေမှာပါ။





အလုပ်သမား၊
လယ်သမား
လူများစုကြီးကို
ကိုယ်စားပြုသော
.........

# ဒီမိုကရေစီအရေးနှင့် အလုပ်သမား လယ်သမား ပြဿနာများ

ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက်တွင် ဆိုရှယ်လစ်၊ ကွန်မြူနစ်စနစ် ကျဆုံးသွားပြီ အရင်းရှင်စနစ် အောင်ပွဲခံပြီဟု အမေရိကန်ဝါဒဖြန့် စာရေး ဆရာတွေက လက်သွက်သွက်၊ အာသွက်သွက်နှင့် မြန်မြန်ဆန်ဆန်ထပြီး ကြွေးကြော်ကြသည်။

ဗမာပြည်ထဲတွင်လည်း ထိုအယူအဆကို အားတက်သရော ဖြန့်ဖြူးသူတွေရှိကြသည်။ ထိုသို့သော အယူအဆကို ဗမာပြည်ထဲတွင် တင်သွင်း ဖြန့်ဖြူးသောကာလသည် စစ်အစိုးရက ကွန်မြူနစ်ဝါဒကိုရော၊ ဗမာပြည်ကွန်မြူနစ်ပါတီကိုပါ ပြင်းပြင်းထန်ထန် ဖိနှိပ်နှိမ်နင်းနေသော ကာလဖြစ်သည်။ စင်စစ် ကွန်မြူနစ်ဝါဒသာ မကပါ။ အလုပ်သမား၊ လယ်သမား လူများစုကြီးကို ကိုယ်စားပြုသော အတွေးအခေါ်မှန်သမျှကို တင်းတင်းကျပ်ကျပ် ပိတ်ပင် ကန့်သတ်ထားသော ကာလဖြစ်သည်။ ဒီမိုကရေစီရေး လှုပ်ရှားသူမှန်သမျှကိုလည်း ထောင်ထဲ သိမ်းကျုံးထည့်နေသော ကာလဖြစ်သည်။ ထိုအခြေအနေကို အခွင့်ကောင်း ယူကာ အမေရိကန်ဝါဒ ဖြန့်ချိရေး စာပေများသည် ခုခံချေပသူမရှိဘဲ တဖက်သတ်အသာစီး ရခဲ့သည်။ တဖက်သတ် ရေးသားခွင့် ရခဲ့သည်။

အိုင်ဒီယော်လော်ဂျီ တိုက်ပွဲတွင် လစ်ဘရယ်ဒီမိုကရေစီ အောင်ပွဲခံပြီဟုဆိုသည်။ အလုပ်သမား လူတန်းစားသည်။ အရေးမကြီးတော့ဟု ဆိုကြသည်။ ထိုထက်လွန်ကျူးစွာ အလုပ်သမားလူတန်းစားဟူသည် မရှိတော့ပြီဟုပင် ဆိုခဲ့ကြသည်။ ပညာတတ်လူတန်းစားသည် အဓိကအကျဆုံး လူတန်းစားဟုလည်း ဆိုသည်။ ကမ္ဘာကြီးမှာ အားလုံးလယ်ဗယ်ဂရောင်းနှင့် ကစားခွင့်ရနေကြပြီး အခွင့်အရေးတွေ တန်းတူညီမျှဖြစ်နေပြီဟု ဆိုသည်။ ထိုအယူအဆကိုပင် ကမ္ဘာပြားပြီဟု တင်စားပြောဆိုသည်။

ဆိုဗီယက်ယူနီယံ ကျဆုံးသွားတာမှန်သည်။ သို့သော် ဆိုရှယ်လစ်၊ ကွန်မြူနစ်စနစ် ကျဆုံးသွားပြီဟု ယတိပြတ်ပြော၍ မရနိုင်။ ကမ္ဘာပေါ်တွင် ဆိုရှယ်လစ်၊ ကွန်မြူနစ်စနစ် ဆိုသည်မှာ အရင်ကတခါမှ မပေါ်ပေါက်ခဲ့ဖူးပါ။ ဆိုဗီယက်ပုံစံ ကွန်မြူနစ်နိုင်ငံသည် သမိုင်းတွင် မပေါ်ပေါက်ဖူးသေးသော အခြေအနေသစ်တရပ်ကို စမ်းသပ်ဆောင်ရွက်မှု တခုသာ ဖြစ်သည်။ ထို့ကြောင့် ဆိုဗီယက်ယူနီယံ ပြိုကွဲမှုကို ဆန္ဒစွဲကင်းကင်းဖြင့် မှန်မှန်ကန်ကန် သုံးသပ်လျှင် ဆိုဗီယက်ပုံစံ ကွန်မြူနစ်စနစ် ကျဆုံးသွားခဲ့သည်ဟု

သာ ဆိုရပါ လိမ့်မည်။ ထို့ကြောင့် ဆိုဗီယက် ကျဆုံးသွားသည်ကို ထောက်ပြပြီး ကွန်မြူနစ်စနစ် ကျဆုံးသွားပြီဟူသော ကောက်ချက်မှာ လိုရာဆွဲပြောသော ကောက်ချက်သာဖြစ်သည်။ အထောက်အထား မခိုင်မာသော ကောက်ချက် ဖြစ်ပါသည်။

ထို့ထက်ပိုဆိုးသော ကောက်ချက်မှာ ဆိုဗီယက်ကျဆုံးသောကြောင့် အရင်းရှင်စနစ်သည် အမှန်တရားဖြစ်သွားပြီး အလုပ်သမား လူတန်းစားဟူသည်မှာ မရှိတော့ဟူသော ကောက်ချက်ဖြစ်သည်။ ဆိုဗီယက်စနစ် ကျဆုံးသွားသည်မှာ မှန်သည်။ ဆိုဗီယက်စနစ်ကျဆုံးသွားသောကြောင့် ဆိုးဝါး ရက်စက်သော အရင်းရှင်စနစ်သည် ဘာမျှ ထူးပြီး ကောင်းလာစရာ အကြောင်းမရှိ။ သူတို့ပြောကြသလို ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် ခေတ်ကုန် သွားသည်ထားဦး ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် ခေတ်ကုန်သွားသောကြောင့် အရင်းရှင်စနစ်သည် ဘာမျှ ကောင်းလာစရာမရှိချေ။

အရင်းရှင်စနစ်ဆိုးသည်မှာ ဆိုရှယ်လစ်၊ ကွန်မြူနစ်အတွေးအခေါ် မပေါ်ခင်ကတည်းက ဆိုးခဲ့တာ ဖြစ်သည်။ အရင်းရှင်စနစ် ဆိုးလွန်းသောကြောင့် အရင်းရှင်စနစ်ကို ဖျက်သိမ်းရန် နည်းလမ်းကို ရှာဖွေရင်း ဆိုရှယ်လစ်၊ ကွန်မြူနစ်အတွေးအခေါ်တွေ ပေါ်ထွန်းလာတာ ဖြစ်သည်။ ဆိုရှယ်လစ်၊ ကွန်မြူနစ်ဝါဒကြောင့် အရင်းရှင်စနစ် ဆိုးခဲ့ခြင်းမဟုတ်။ ထို့ကြောင့် ဆိုရှယ်လစ်၊ ကွန်မြူနစ်ကို ကိုယ်စားပြုသော ရောမ အစိတ်အပိုင်းကြီး တခုဖြစ်သည့် ဆိုဗီယက် ယူနီယံ ပြိုကွဲကျဆုံးသွားခြင်းကြောင့် အရင်းရှင်စနစ် ကောင်းလာမည်ဆိုသော မှန်းဆချက်မှာ မည်သို့မျှ ယုတ္တိရှိသော ယူဆချက် မဟုတ်။

ထိုသို့ သဘောတရားအရ ယုတ္တိအရကောင်းလာစရာ အကြောင်းမရှိသလို လက်တွေ့မှာလည်း ကောင်းမလာချေ။ ကောင်းမလာရုံသာမက ပိုဆိုးလာသည်။ ဆိုးတာမှ များစွာပိုဆိုးလာခဲ့သည်။

ဆိုဗီယက်ယူနီယံ ပြိုကွဲချိန်တွင် အမေရိကန်ဘက်ကို တစက်ကလေးမှ စိတ်ပြန်လည်မလာသော တိုင်းပြည်များမှာ လက်တင်အမေရိက တိုင်းပြည်များဖြစ်သည်။ ကျူးဘား၊ ဗင်နီဇွဲလား၊ ဘိုလီးဗီးယား၊ အာဂျင်တီးနား၊ ဂွာတီမာလာ အပါအဝင် လက်တင်အမေရိက တိုင်းပြည်များသည် ဆိုဗီယက်ယူနီယံ ပြိုကွဲသည့်အတွက် အမေရိကန်ဘက် ညွတ်မလာခဲ့။ ထိုသို့ ညွတ်မလာ၊ တိမ်းမလာခြင်းမှာလည်း သူတို့၏ သမိုင်းနှင့်ချီသော အတွေ့အကြုံများကြောင့် ဖြစ်သည်။ လက်တင်အမေရိက နိုင်ငံများသည် အမေရိကန်ပြည်ထောင်စု၏ နီယိုလစ်ဘရယ်ဝါဒကို အပြတ်သားဆုံးခုခံဆန့်ကျင်ကြသည့် နိုင်ငံများဖြစ်ခဲ့ကြသည်။ သူတို့တိုင်းပြည်ရှိ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားတို့၏ အကျိုးစီးပွားကို တွေ့ဝေမှုမရှိဘဲ တောက်လျှောက် ကြိုးစားကာကွယ်ခဲ့သော တိုင်းပြည်များ ဖြစ်ခဲ့ကြသည်။ ထို့

ဆိုရှယ်လစ်၊ ကွန်မြူနစ်ကို ကိုယ်စားပြုသော ရောမ အစိတ်အပိုင်းကြီး တခုဖြစ်သည့် ဆိုဗီယက် ယူနီယံ ပြိုကွဲကျဆုံးသွားခြင်းကြောင့် အရင်းရှင်စနစ် ကောင်းလာမည်ဆို သော မှန်းဆချက်မှာ





ကြောင့် စစ်အေးကာလအပြီးတွင် တွေဝေယိမ်းယိုင်မှုမရှိဘဲ တသမတ်တည်း အရင်းရှင်စနစ်ကို ဆန့်ကျင်ခဲ့သည့် နိုင်ငံများမှာ လက်တင်အမေရိကန် နိုင်ငံများဟု ဆိုနိုင်သည်။ ထို့ကြောင့်လည်း လက်တင် အမေရိကတိုက်၏ ပေါ်ပြူလာဆိုရှယ်လစ်ဝါဒကို အနာဂတ်အတွက် လက်ဝဲသစ်ဝါဒ ဖြစ်လာမလားဟု အချို့က မျှော်လင့်ချက် ထားခဲ့ကြသည်။

လက်တင်အမေရိက နိုင်ငံများနောက်တွင် အရင်းရှင်စနစ်ကို ဆန့်ကျင်ပြီး ဆင်းရဲသား အကျိုးစီးပွားကို နိုးနိုးကြားကြား တိုက်ပွဲဝင် တောင်းဆိုခဲ့ကြသော နိုင်ငံများမှာ အမေရိကန်နှင့် ဥရောပတိုင်းပြည်များ ကိုယ်တိုင် ဖြစ်ကြသည်။

အမေရိကန်နှင့် ဥရောပတိုင်းပြည်များရှိ ဆင်းရဲသားပြည်သူတွေ နိုးကြားလာကြခြင်းမှာ စီးပွားပျက်ကပ်ကို အကြောင်းပြုနိုးကြားလာခြင်း ဖြစ်သည်။ အမေရိကန်နှင့် ဥရောပ တိုင်းပြည်များတွင်ရှိသော ဆင်းရဲသား အလုပ်သမားများမှာ စီးပွားပျက်ကပ် မတိုင်ခင်က ကာလအတန်ကြာ စီးပွားရေးအဆင်ပြေခဲ့ကြသည်။ စီးပွားရေးအဆင်ပြေသောကြောင့် နိုင်ငံရေးလှုပ်ရှားမှု မည်မည်ရရမရှိဘဲ အတန်ကြာ ငြိမ်သက်ခဲ့သည်။ ထိုသို့ စီးပွားရေးအဆင်ပြေခြင်း၊ နိုင်ငံရေးငြိမ်သက်ခြင်းမှာလည်း အမေရိကန်၊ ဥရောပအရင်းရှင်ကြီးများသည် ဆင်းရဲသော တိုင်းပြည်များရှိ ဆင်းရဲသော အလုပ်သမား၊ လယ်သမား၊ ပြည်သူများထံမှ အမြတ်ထုတ် ရရှိထားသော အကျိုးစီးပွားများဖြင့် သူတို့တိုင်းပြည်ရှိ ဆင်းရဲသားများကို အနည်းငယ်မျှဝေ စောင့်ရှောက်သောနည်းဖြင့် ငြိမ်သက်အောင် လုပ်ထားခြင်းကြောင့် ဖြစ်သည်။ သို့သော် ကော်ပိုရေးရှင်းကြီးများ၊ ဘဏ်ကြီးများ၏ မတော်လောဘကို အကြောင်းပြုပြီး စီးပွားကပ်ကြီး ဆိုက်လာသော အခါ ထိုတည်ငြိမ်မှုမှာ စတင်ပျက်ပြားလာသည်။ ဆင်းရဲသားပြည်သူတို့မှာ နိုးကြားလာကြသည်။ ပြည်သူတို့၏ ဘဏ္ဍာငွေကိုအသုံးပြုပြီး အစိုးရက ဘဏ်ကြီးများ၊ ကုမ္ပဏီများကို ငွေကြေးစိုက်ထုတ် ကယ်တင်သောအခါ ပြည်သူအများမှာ အရင်းရှင်စနစ်၏ မတရားသောအဖြစ်ကို ကျကျနန ခံစားလာကြရသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပရှိ ဆင်းရဲသားတို့သည် အရင်းရှင်စနစ်ကို ဆန့်ကျင်လာကြသည်။

ဂရိနိုင်ငံလှုပ်ရှားမှုများသည် အထင်ရှားဆုံး လှုပ်ရှားမှုဖြစ်သည်။ ဂရိနိုင်ငံသည် အမေရိကန်နှင့် ဥရောပနိုင်ငံများကဲ့သို့ပင် အရင်းရှင်ကြီးများကြောင့် စီးပွားပျက်ကပ်ဒဏ်ကို ခံစားကြရသည်။ ဂရိနိုင်ငံသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဂျာမနီအပါအဝင် ဥရောပနိုင်ငံများသို့ ပေးဆပ်ရန်ကြွေးတွေ တနင့်တပိုးပိနေခဲ့သည်။

ထိုအကြွေးတွေကို ကြွေးနှင့် ဖြေရှင်းရမည့် အခြေအနေဆိုက်ရောက်လာသည်။ ထိုအခြေအနေတွင် ကြွေးရှင်တို့၏ အကျပ်ကိုင်မှုကို ရင်ဆိုင်ကြရသည်။ ဂရိနိုင်ငံတွင် ခြိုးခြံချွေတာရေး အစီအစဉ်တွေလုပ်ဖို့ ကြွေးရှင်များဖြစ်ကြသော နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF နှင့် တခြားဥရောပသမဂ္ဂနိုင်ငံကြီးများက ဖိအားပေးကြသည်။ ခြိုးခြံချွေတာရေး အစီအစဉ်မလုပ်လျှင် နောက်ထပ် ငွေမချေးနိုင်ဟုဆိုသည်။

စင်စစ် ခြိုးခြံချွေတာရေး အစီအစဉ်ဆိုသည်မှာ နာမည်လှလှပေးထားသော်လည်း ပြည်သူတို့အတွက် ခံရချက်မသက်သာသော အစီအစဉ်ဖြစ်သည်။ ခြိုးခြံချွေတာရေး ဆိုသည်မှာ သူဌေးတို့ဖြုန်းတီးသုံးစွဲထားသမျှအတွက် ဆင်းရဲသားတို့ကို ချွေတာခိုင်းသော အစီအစဉ်မျှသာ ဖြစ်သည်။ ခြိုးခြံချွေတာရေး အစီအစဉ်ဆိုသည်မှာ ကလေးတွေအတွက်ပေးသော နို့ဗူးဖိုး၊ လင်ယောကျ်ားမရှိသော မိခင်အတွက် ထောက်ပံ့ကြေး၊ ကျောင်းသားများအတွက် ပညာရေးထောက်ပံ့ကြေး၊ အလုပ်လက်မဲ့များအတွက် ထောက်ပံ့ကြေး၊ သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ကြေး၊ ကျန်းမာရေးအတွက် အသုံးစရိတ်အပါအဝင် အများပြည်သူအတွက် အသုံးပြုသော အသုံးစရိတ်များကို ခြိုးခြံချွေတာခိုင်းခြင်းဖြစ်သည်။

ဂရိပြည်သူတို့၏ အခြေအနေမှာ အကြွေးကိုအကြောင်းပြုပြီး ပြည်ပနိုင်ငံကြီးများနှင့် IMF ကဲ့သို့ နီယိုလစ်ဘရယ် အဖွဲ့အစည်းကြီးတို့က ပြည်တွင်းရေးပေါ်လစီတွင် ဝင်ရောက်အကျပ်ကိုင်စွက်ဖက်မှုကို ခံစားလာရသော အခြေအနေဖြစ်သည်။

အမေရိကန်၊ ဥရောပ၏ နိုးထမှုနှင့် မရှေးမနှောင်းပေါ်ပေါက်လာသော အရင်းရှင်စနစ်နှင့် နီယိုလစ်ဘရယ် ဆန့်ကျင်သည့် လှုပ်ရှားမှုများမှာ အာရပ်ကမ္ဘာရှိ လှုပ်ရှားမှုများဖြစ်သည်။ အာရပ်ကမ္ဘာရှိ နိုင်ငံများသည် ကာလရှည်ကြာစွာ အမေရိကန်တို့ ကျောထောက်နောက်ခံ ပေးထားသော အာဏာရှင်ကြီးများကို ပုန်ကန်ဖြုတ်ချခဲ့ကြသည်။ အာရပ်နွေဦးဟု ခေါ်ဆိုကြသော ထိုလှုပ်ရှားမှုများမှာ အဆုံးမသတ်သေးပါ။ ကြည်လင်ပြတ်သားသော နွေဦးရာသီရောက်ပြီဟုလည်း မဆိုနိုင်သေးပါ။ ဆက်လက်တိုက်ပွဲဝင်နေကြဆဲ၊ ရုန်းကန်နေရဆဲ ဖြစ်ပါသည်။

သို့သော် အာရပ်ဒေသ၏ လှုပ်ရှားမှုများသည် ပြည့်ပြည့်ဝဝ အောင်မြင်မှုမရသေးသော အစိတ်အပိုင်းများ ရှိနေသေးသော်လည်း အနိမ့်ဆုံးအဆင့်အနေနှင့် အသေအချာပြောနိုင်သောအချက်မှာ ထိုလှုပ်ရှားမှုများသည် လူထုအားဖြင့် အာဏာရှင်တို့ကို ဖြုတ်ချနိုင်ကြောင်း သက်သေပြခဲ့သော လှုပ်ရှားမှုများဖြစ်သည် ဆိုသောအချက်ပင်။ ထိုလှုပ်ရှားမှုများသည် အာရပ်ကမ္ဘာတွင် ရပ်မသွားပါ။ အာရပ်မှတဆင့် အမေရိကန်နှင့် ဥရောပသို့ ဂယက်ပြန်ရိုက်လာသည်။

အာရပ်လှုပ်ရှားမှု၏ လှုံ့ဆော်မှုအပြင် လက်တွေ့ခံစားနေရသော စီးပွားပျက်ကပ် ကြုံတွေ့နေရသော လူမှုရေးမမျှတမှုများကြောင့် အမေရိကန်၊ ဥရောပနှင့် အာရှနိုင်ငံတချို့တွင် occupy movement များပေါ်ပေါက်လာသည်။ အမေရိကန်ပြည်ထောင်စု နယူးယောက်က စလိုက်သော ထိုလှုပ်ရှားမှုများသည် ဥရောပတိုက် စပိန်နိုင်ငံမက်ဒရစ်မြို့မှသည် အာဖရိကတိုက် ကိတ်ပတောင်းအထိ၊ တောင်အမေရိကတိုက် အာဂျင်တီးနားနိုင်ငံ ဗြူနိုအေရီးစ်မှသည် အာရှတိုက် ဟောင်ကောင်အထိ စုစုပေါင်းကမ္ဘာ့မြို့ကြီးပေါင်း ၁၅၀၀ ကျော်တွင် ဆက်တိုက်ပြန့်နှံ့ဖြစ်ပွားခဲ့သည်။

ထိုလှုပ်ရှားမှုများသည် နိုင်ငံတကာ အရင်းရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများအဖြစ် ပေါ်ထွက်လာခြင်းဖြစ်သည်။ ထိုသိမ်းပိုက်ရေး (occupy) လှုပ်ရှားမှုများသည် ဆိုဗီယက်ယူနီယံကျဆုံးပြီးနောက်ပိုင်းတွင် ပထမဆုံးပေါ်ပေါက်လာသော နိုင်ငံတကာ အတိုင်းအတာအထိ ကျယ်ပြန့်သည့် အရင်းရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများဖြစ်ကြသည်။ အရင်းရှင်ကော်ပိုရေးရှင်းကြီးများ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ကိုယ်တိုင်လည်း ထိပ်သီးကော်ပိုရေးရှင်းကြီးများ ဖြစ်ကြသော ကမ္ဘာ့မီဒီယာကြီးများသည်လည်း ထိုလှုပ်ရှားမှုများကို တတ်နိုင်သမျှ မှေးမှိန်ထားခဲ့သည်။ ထို့ကြောင့်လည်း ဤရွေ့ဤမျှကြီးကျယ်သော လှုပ်ရှားမှုကြီးကို ကမ္ဘာ့ပြည်သူများက သာမန်ကာလျှံကာလောက်သာ သိရှိခွင့်ရကြသည်မှာ သိပ်မဆန်းလှ။ ထိုလှုပ်ရှားမှုများ

**အများပြည်သူအတွက် အသုံးပြုသော**

**အသုံးစရိတ်များကို**

**ခြိုးခြံချွေတာခိုင်းခြင်းဖြစ်သည်**

သည် ဘယ်အဆင့်အထိ အောင်မြင်မည် ဘယ်အတိုင်းအတာအထိ ခိုင်မာမည်၊ ဖိနှိပ်မှုနှိမ်နင်းမှုများကို ဘယ်လောက်အထိ ဆက်လက်၍ ကြံ့ကြံ့ခံနိုင်မည် ဟူသော အချက်မှာ မည်သူမျှ မပြောနိုင်သေး၊ ပြောဖို့စောလွန်းသေးသည်။ သို့သော် occupy လှုပ်ရှားမှု များကိုကြည့်ပြီး သေချာပေါက်ပြောနိုင်သော အချက်တချက် ရှိသည်။ ထိုအချက်ကား အရင်းရှင်စနစ်ကို ပြည်သူတွေ လက်မခံဟူသော အချက်ဖြစ်သည်။ အဘယ်ကြောင့် လက်မခံသနည်းဆိုသော် အရင်းရှင်စနစ်သည် ပြည်သူတွေကို အကျိုးမပြုသောကြောင့်ပင် ဖြစ်သည်။

ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက် ကမ္ဘာ့တွင်အလုပ်သမား လူတန်းစား မရှိတော့ဟု နီယိုလစ်ဘရယ်ဝါဒ ဖြန့်ချိရေးဆရာတို့က ဆိုကြသည်။ ထိုအဆိုသည်လည်း စင်စစ်တွင်အဖြစ်မှန်ကို ပြောင်ပြောင်တင်းတင်းမျက်ကွယ်ပြု ပြောကြားခြင်းမျှသာ ဖြစ်လေသည်။ တကယ့်ဖြစ်ရပ်မှာ အလုပ်သမားလူတန်းစားသည် မကြုံစဖူးတိုးပွားများပြားလာနေသည်။ ထိုသို့တိုးပွားလာခြင်းသည် လူဦးရေ တိုးပွားလာသော အကြောင်းတခုတည်းကြောင့် တိုးပွားလာခြင်းမဟုတ်။ တခြားလူတန်းစားများ ပြိုကွဲပြီး အလုပ်သမားလူတန်းစား အလွှာအတွင်း ကျဆင်းလာခြင်းကြောင့် ပိုမိုများပြားလာကြခြင်းဖြစ်သည်။

တချိန်က ပညာတတ်လူတန်းစားဟု သတ်မှတ်ထားသော လူတန်းစားသည် ယခုခေတ်တွင် အလုပ်သမားလူတန်းစား ဖြစ်လာကြသည်။ ပညာတတ်လူတန်းစားသည် ကွန်ပျူတာနှင့် စာရွက်စာတမ်းကိုင်ဆောင်သော အလုပ်သမားလူတန်းစား ဖြစ်လာကြသည်။ အဘယ်ကြောင့် သူတို့ကို အလုပ်သမားလူတန်းစားအဆင့်သို့လျော့ကျလာပြီဟု ကျွန်တော်ဆိုသနည်း။ ထိုပညာတတ်လူတန်းစားသည်လည်း အခြားအလုပ်သမားများနည်းတူ လုပ်အားမှတပါး အခြားဘာအရင်းအနှီးနှင့် ကုန်ထုတ်ကိရိယာမျှ မပိုင်ဆိုင်သော လူတန်းစားဖြစ်လာသောကြောင့်ပင်။ လုပ်အားကို ရောင်းချခြင်းမှတပါး အခြားဝင်ငွေ အခွင့်အလမ်းမရှိသော လူတန်းစားဖြစ်လာသောကြောင့်ပင်။

တချိန်တည်းတွင် လယ်သမားအများအပြားသည်လည်း အလုပ်သမားလူတန်းစားတွင် သက်ဆင်းလာကြသည်။ လယ်သမားများ၊ အလုပ်သမားအဖြစ်ပြောင်းလဲလာကြခြင်းမှာ အကြောင်းအမျိုးမျိုးရှိကြသည်။ တချိန်က စက်မှုထွန်းကားလာသောအခါ လယ်သမားတွေ အလုပ်သမား ဖြစ်လာကြသော အစဉ်အလာရှိသည်။ ထိုသို့ပြောင်းလဲခြင်းမှာ သမားရိုးကျပြောင်းလဲခြင်းဖြစ်သည်။ ယခုအခါ သမားရိုးကျမဟုတ်သော ပြောင်းလဲခြင်းမျိုးတွေကိုလည်း တွေ့လာရသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF နှင့် ကမ္ဘာ့ဘဏ်တို့၏ အစီအစဉ်ဖြင့် စီးပွားရေးအဆောက်အအုံ ပြောင်းလဲရေးလုပ်သော နိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အရင်းရှင်အသွင်သဏ္ဍာန် ကူးပြောင်းဆောင်ရွက်ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို သာမန်လယ်သမားများ၏ တနိုင်တပိုင် စိုက်ပျိုးကြသော အသွင်သဏ္ဍာန်မှ ကုမ္ပဏီကြီးများက လယ်ယာ အမြောက်အမြား ဝယ်ယူလုပ်ကိုင်သော စနစ်သို့ ကူးပြောင်းကုန်ကြသည်။ လယ်သမား အမြောက်အမြား လယ်မဲ့ယာမဲ့ ဖြစ်ကြသည်။ လယ်မဲ့ယာမဲ့ လယ်သမားတို့သည် ကြုံရာကျပန်း အလုပ်သမားများ ဖြစ်လာကြသည်။

ဥရောပနိုင်ငံကြီးများတွင် လူနေမှုအဆင့်အတန်း မြင့်မားပြီး

သာမန်လယ်သမားများ၏ တနိုင်တပိုင် စိုက်ပျိုးကြသော အသွင်သဏ္ဍာန်မှ ကုမ္ပဏီကြီးများက လယ်ယာ အမြောက်အမြား ဝယ်ယူလုပ်ကိုင်သော စနစ်သို့ ကူးပြောင်းကုန်ကြသည်။ လယ်သမား အမြောက်အမြား လယ်မဲ့ယာမဲ့ ဖြစ်ကြသည်

လုပ်ခစျေးနှုန်းကြီးမြင့်ကြသည်။ ထိုအခါ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများသည် အလုပ်သမားခစျေးချိုရာ ဆင်းရဲသားနိုင်ငံများသို့ စက်ရုံ အလုပ်ရုံများကို ရွှေ့ပြောင်းထုတ်လုပ်လာကြသည်။ ဈေးကွက်သဘောတရားအရ လုပ်အားရောင်းလိုအား များရာဒေသသို့ စက်ရုံများ ရွှေ့ပြောင်းခြင်း ဖြစ်သည်။ အလားတူပင် အလုပ်သမားများကလည်း နိုင်ငံနယ်နိမိတ်စည်းများကို ကျော်ဖြတ်ပြီး လုပ်ခကောင်းရာ နိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်လာကြသည်။ ဤအချက်သည်လည်း အရင်းရှင်ဈေးကွက် သဘောတရားအရ လုပ်အားဝယ်လိုအား များရာအရပ်သို့ လုပ်အားရောင်းချလိုသူ အလုပ်သမားတို့ ရွှေ့ပြောင်းကြခြင်းဖြစ်သည်။ တချိန်က လက်ဝါးကြီးအုပ်လိုသော အရင်းရှင်စီးပွားရေးသမားများသည် လက်နက်ဖြင့် နိုင်ငံကိုသိမ်းပိုက်ကာ ပြည်တွင်းရှိ သယံဇာတနှင့် လုပ်အားကို သွေးစုပ်ကြသည်။ ယခုခေတ်တွင်မူ လက်ဝါးကြီးအုပ်လိုသော အရင်းရှင်စီးပွားရေးသမားများသည် အုပ်စိုးသူအစိုးရတို့နှင့် ပူးပေါင်းကာ သယံဇာတနှင့်လုပ်အားကို လာရောက်သွေးစုပ်ကြသည်။ တချိန်က အလုပ်သမားများသည် နိုင်ငံခြားအရင်းရှင်တို့က ကိုယ့်ဆီလာပြီး ကျွန်ပြုတာကို ခံကြရသည်။ ယခုအခါတွင် အလုပ်သမားများသည် ကျွန်ပြုခံဖို့အတွက် ပတ်စပို့၊ ဗီဇာဖိုးကို ကိုယ့်ဘာသာကျခံပြီး တကူးတက သွားရောက် ကျွန်ခံကြရသည်။

ဆိုဗီယက်ပြိုကွဲပြီး နောက်ပိုင်း စစ်အေးကာလနောက်ပိုင်းတွင် ရွှေ့ပြောင်းအလုပ်သမားဦးရေမှာ အဆမတန်တိုးပွားလာသည်။ အရင်းရှင်ကုန်ထုတ်လုပ်မှုသည် နိုင်ငံနယ်နိမိတ်ကို အရင်ကထက် ပိုမိုကျော်ဖြတ်လာသည်။ ပိုမိုပြီး နိုင်ငံတကာအသွင် ဆောင်လာသည်။ အလုပ်သမားများသည်။ နိုင်ငံတကာနှင့် ပိုမိုထိတွေ့လာကြသည်။ အလုပ်သမားထုသည်လည်း လူမျိုးရေးလက္ခဏာထက် နိုင်ငံတကာလက္ခဏာ ပိုမိုဆောင်လာကြသည်။ အရင်းရှင်ကုန်ထုတ်လုပ်မှုသည် နိုင်ငံအစိုးရတို့၏ အာဏာကိုပင် ကျော်လွှားနိုင်ရန် ကြိုးပမ်းအားထုတ်လာသည်။ အရင်းရှင်ကုန်ထုတ်လုပ်မှုနှင့် ကော်ပိုရေးရှင်းတို့၏ အကျိုးစီးပွားကို ကိုယ်စားပြု အကာအကွယ်ပေးသော IMF နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ် အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းကြီးများ (International Institution) သည် နိုင်ငံအစိုးရတို့၏ အာဏာကိုပင် ကျော်လွှားလွှမ်းမိုးလာသည်။ နီယိုလစ်ဘရယ် အတွေးအခေါ်သည် နိုင်ငံတို့၏အချုပ်အခြာ အာဏာကို ကော်ပိုရေးရှင်းတို့၏ အာဏာက ကျော်လွှားစိုးမိုးရေးပင်ဖြစ်သည်။

သည့်လိုအခြေအနေမျိုးတွင် အရင်းရှင်စနစ်ကို ပြောင်းလဲလာပြီဟု မည်သို့ဆိုနိုင်ပါမည်နည်း။ အရင်းရှင်စနစ်ကောင်းလာပြီဟု မည်သို့ ဆိုနိုင်ပါမည်နည်း။ သည့်လိုခေတ်မျိုးကြီးထဲတွင် အရင်းရှင်စနစ်ပြောင်းလာပြီ၊ ကောင်းလာပြီဟု ဆိုသူများမှာ အများပြည်သူအကျိုးကို ရှေးရှုပြောကြားသူများဟု အဘယ်မှာ ဆိုနိုင်ပါတော့မည်နည်း။ ထိုသူများသည် အရင်းရှင်အကျိုးစီးပွားကို ရှေးရှုပြောဆိုသူများသာဖြစ်ကြောင်း အလွန်ပင် ရှင်းလင်းထင်ရှားလှသည်။

အရင်းရှင်စနစ်သည် ကောင်းမလာရုံမျှမက ပိုဆိုးလာပါသည်။ စစ်အေးပြီးဆုံးသည်ကို ဝမ်းသာစရာဟု မှတ်ယူခဲ့ကြသူများသည် ဝမ်းနည်းစရာစစ်ပွဲများတပွဲပြီးတပွဲ ပေါ်ထွက်လာကြသည်ကို တွေ့ကြရသည်။ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများက သက်ဆိုင်ရာတိုင်းပြည် အသီးသီးတို့၏ သဘာဝပတ်ဝန်းကျင်ကို စည်းမဲ့ကမ်းမဲ့ ဖျက်ဆီးမှု အများအပြားကို တွေ့လာကြရသည်။ နိုင်ငံတကာတွင် ဥရောပ၊ အမေရိက၊ အာရှ အရင်းရှင်ကုမ္ပဏီကြီးများ၏ ဆောင်ရွက်ချက်များကို လေ့လာကြည့်မည်ဆိုလျှင် အရင်းရှင်



ကုမ္ပဏီမှန်သမျှ ဘယ်နိုင်ငံက အရင်းရှင်မှ မကောင်းဟု ယေဘုယျဆိုနိုင်သော အချက်များမှာ ပို၍ထင်ထင်ရှားရှား ဖြစ်လာသည်။ အဘယ်ကြောင့် ထိုသို့ မကောင်းကြသနည်း။ အရင်းရှင်ကုမ္ပဏီမှန်သမျှ အမြတ်အစွန်း မျက်နှာကိုသာ ကြည့်ကြသောကြောင့် ဖြစ်သည်။

ယခုလို အချိန်မျိုးတွင် ဗမာပြည်သည် အရင်းရှင်စနစ်သို့ အသွင်ကူးပြောင်းဝင်ရောက်ရန် ပြင်ဆင်နေသည်ကို တွေ့ရသည်။ ကူးပြောင်းဝင်ရောက်မည့်နည်းမှာလည်း စစ်အာဏာရှင်များ ဦးစီးဦးဆောင်ပြုသော ကူးပြောင်းဝင်ရောက်နည်းဖြစ်သည်။ သမ္မတ၏စီးပွားရေး အကြံပေးဆိုသော ပုဂ္ဂိုလ်က ဗမာပြည်စီးပွားရေး အပြောင်းအလဲတွင် ခရိုနီကြီးများလိုအပ်သည်ဟု ဆိုလိုက်သည်။ ဒီမိုကရေစီ ခေါင်းဆောင်ကလည်း သဘောတူပါသည်ဟု အမှုတွဲလိုက်သေးသည်။

စစ်အာဏာရှင်များနှင့် စစ်ယူနီဖောင်းချွတ်အာဏာရှင် ကြံ့ဖွံ့တို့ပြင်ဆင်နေသော အပြောင်းအလဲမှာ အီဂျစ်တွင် မူဘာရက်လက်ထက် အပြောင်းအလဲမျိုး ဖြစ်သည်။ အင်ဒိုနီးရှားတွင် ဆူဟာတိုလက်ထက် အပြောင်းအလဲမျိုးဖြစ်သည်။ ချီလီတွင် ပီနိုရှေးလက်ထက်က အပြောင်းအလဲမျိုး ဖြစ်သည်။ IMF နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်တို့၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတကာ အရင်းရှင်များနှင့် မြန်မာစစ်အာဏာရှင်များ၊ ထိုစစ်အာဏာရှင်တို့နှင့် နီးစပ်သော ခရိုနီများသာ ကြီးပွားချမ်းသာမည့် အရင်းရှင်စနစ်မျိုးထူထောင်ရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။ နိုင်ငံတကာ အရင်းရှင်ကြီးများနှင့် အမေရိကန်၊ ဥရောပ အစိုးရတို့သည်လည်း အီဂျစ်တွင်လည်းကောင်း၊ အင်ဒိုနီးရှားတွင်လည်းကောင်း၊ ချီလီတွင်လည်းကောင်း အမြတ်အစွန်းရဖို့ဆိုလျှင် စစ်အာဏာရှင်တို့နှင့် ပူးပေါင်းခဲ့ဖူးသော အစဉ်အလာများစွာ ရှိခဲ့ဖူးသည်။ ယခုလည်း ပူးပေါင်းနေပြီဖြစ်သည်။ ဒီမိုကရေစီကို မျက်ကွယ်ပြုပြီး စစ်အာဏာရှင်တို့နှင့် ပူးပေါင်းဖို့ လမ်းခင်း နေပြီဖြစ်သည်။

ထိုသို့သော အခြေအနေတွင် ဗမာပြည်အလုပ်သမား၊ လယ်သမားတို့မှာ အကာအကွယ်ပေးမည့်သူ ကင်းမဲ့သည့်ပမာ အတိဒုက္ခရောက်နေကြရသည်။ လယ်သမားတို့၏ လယ်ယာမြေများကို နိုင်ငံတဝန်းတွင် အများအပြား သိမ်းပိုက်ခြင်းခံနေကြရသည်။ အစိုးရကလည်း သိမ်းပိုက်သည်။ စစ်တပ်ကလည်း သိမ်းပိုက်သည်။ ပုဂ္ဂလိကကုမ္ပဏီကလည်း သိမ်းပိုက်သည်။ ဖွံ့ဖြိုးရေးအကြောင်းပြပြီး သိမ်းသည်။ မြို့သစ်တည်ဖို့အကြောင်းပြပြီး သိမ်းသည်။ စီမံကိန်းအကြောင်းပြပြီး သိမ်းသည်။ ကျိုကျိုတက်ချမ်းသာကြွယ်ဝလှပါသည်ဟူသော သူဌေးကြီးခရိုနီကြီးများသည် စစ်အာဏာရှင်များနှင့် ပူးပေါင်းပြီး တိုင်းပြည်သယံဇာတများကို ရောင်းချရုံနှင့် အားမရ၊ ဆင်းရဲသားပါးစပ်ထဲက ထမင်းလုတ်ကို လုယူကြသေးသည်။ သမီးကို စစ်ဗိုလ်ချုပ်သားနှင့် ပေးစားခြင်းသည်လည်း ယနေ့ခေတ်၏ အကောင်းဆုံး သူဌေးဖြစ်နည်း ဖြစ်လာသည်။ စစ်ဗိုလ်တို့၏ ခမည်းခမက်များ၊ စစ်ဗိုလ်တို့၏ သမီးသားမက်များမှာ စစ်အာဏာရှင်တို့၏ စိတ်ချယုံကြည်ခြင်း ခံရသော ခရိုနီကြီးများ ဖြစ်လာသည်။ တဖက်တွင်မူ လယ်သမားတို့ဘက်မှ တတ်နိုင်သမျှ အင်အားဖြင့် ထောက်ပံ့ကူညီပေးကြသူများမှာ ထောင်ချခံကြရသည်။ ရှေ့နေတွေ လိုင်စင်ပြုတ်ကြသည်။

အလုပ်သမားများမှာ သင့်တင့်သောလုပ်ခ မရရှိကြ။ စက်ရုံတခုပြီး တခု ဆန္ဒပြပွဲတွေ ဖြစ်ပွားနေသည်။ သူတို့ကို ခေါင်းဆောင်မည့်သူမရှိ။ ထို့အပြင် အလုပ်သမားတို့၏ ပြဿနာအားလုံးကို အလုပ်သမားနှင့် အလုပ်ရှင် ပြဿနာအဖြစ် အစိုးရက ပုံဖော်နေသည်။ အလုပ်သမားနှင့် အလုပ်ရှင်ကို ရန်တိုက်ပေးနေသည်။ အလုပ်သမားတို့၏ လူ့ပ်ရှားမှုကို လခတိုးရေးတောင်းဆိုချက်ထက် မြင့်တက်မလာအောင် အစိုးရက ကန့်သတ်ထားသည်။ ဥပဒေနှင့်လည်း ကန့်သတ်ထားသည်။ လက်တွေ့ကျကျလည်း ကန့်သတ်ထားသည်။ အတွေးအခေါ်အရလည်း ကန့်သတ်ထားသည်။ အတွေးအခေါ်အရ ကန့်သတ်ချက်ကို ဒီမိုကရေစီခေါင်းဆောင်ကြီးငယ်များကပါ လက်သင့်ခံကြပြီး ဆန္ဒပြသပိတ်မှောက်သူတွေကို ခေတ်နောက်ကျသူတွေပမာ မှောက်မှားသော အတွေးအခေါ်ဖြင့် ထင်ယောင်ထင်မှား ဖြစ်ကြသောအခါ အလုပ်သမားတို့မှာ အားကိုးစရာကောက်ရိုးမျှင်မျှ မရှိသောဘဝသို့ ကျရောက်ကုန်ကြသည်။ အလုပ်သမားများကို ဒီမိုကရေစီသမားများက လာရောက်ကူညီသည်ကို မတွေ့ရဘဲ၊ ကြံ့ဖွံ့

ဘယ်နိုင်ငံက အရင်းရှင်မှ
မကောင်းဟု
ယေဘုယျဆိုနိုင်သော
အချက်များမှာ
ပို၍ထင်ထင်ရှားရှား
ဖြစ်လာသည်



ခေါင်းဆောင်က လာရောက်ညှိနှိုင်း ပေးသည်ကိုလည်း အံ့ဖွယ်သရဲ ထူးထူး ခြားခြား တွေ့မြင်ရသည်။ ကြံ့ဖွတ် ခေါင်းဆောင်က ပြဿနာသည် အစိုးရ ကြောင့်မဟုတ်ပါဟု ဆိုလိုခြင်းဖြစ်သည်။ အစိုးရတွင် တာဝန်မရှိဟု ဆိုနေခြင်း ဖြစ်သည်။ တချိန်တည်းတွင် အလုပ်သမား အရေးကို ကူညီဆောက်ရွက်လို ပါသည်ဟု နာမည်ကောင်းယူလိုခြင်း ဖြစ်သည်။

ဤသို့သော ကမ္ဘာ့အခြေ အနေ ဗမာ့အခြေအနေ အရပ်ရပ်ကို ကြည့်လျှင် ကျွန်တော်တို့ ဗမာနိုင်ငံ အခြေအနေသည် ကမ္ဘာ့အခြေအနေနှင့် ဆန့်ကျင်ဘက်သို့ ရွေ့လျားနေကြောင်း နှင့် အလုပ်သမား၊ လယ်သမားတို့၏ အနာဂတ်မှာ အလွန်စိုးရိမ်ဖွယ် အခြေ အနေအောက်သို့ ရောက်နေကြောင်း ကို တွေ့မြင်နိုင်သည်။

တိုင်းပြည်အကျိုး လိုလားသူ တယောက်သည် ကွန်မြူနစ်ဝါဒကို မကြိုက်ပါဟုဆိုလျှင် မကြိုက်ဘဲ နေနိုင်သည်။ သူ့ရွေးချယ်ခွင့်ဖြစ်သည်။ ပြဿနာမဟုတ်။ ကမ္ဘာတဝန်းရှိ သိမ်းပိုက်ရေး လှုပ်ရှားမှု၊ လက်တင် အမေရိက ပေါ်ပြူလာလှုပ်ရှားမှုများ၊ အာရပ်နွေဦး လှုပ်ရှားမှုများကို လက်ဝဲ သစ် အယူအဆများဟု လက်မခံလို လျှင်လည်း လက်မခံဘဲ နေနိုင်သည်။ ပြဿနာမဟုတ်။ သို့သော် တိုင်းပြည် အကျိုး လိုလားသူမှန်လျှင် ဗမာပြည် အလုပ်သမား၊ လယ်သမားတို့ အရေး ကိုကား စိတ်မဝင်စား၍မရ။ မဆောင်ရွက်၍ မရ။ အလုပ်သမား၊ လယ်သမား မလွတ်မြောက်လျှင် ဗမာပြည် လွတ်လပ် သည် မမည်ပါ။ အလုပ်သမား၊ လယ်သမား မတိုးတက်လျှင် ဗမာပြည် တိုးတက်သည် မခေါ်ပါ။

ဗမာနိုင်ငံတွင် အမည်ခံ ဆိုရှယ်လစ်တု ပေါ်ထွန်းခဲ့ဖူးသည်။ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်ဟု ဆိုသည်။ လက်တွေ့တွင် အလုပ်သမား၊ လယ်သမား အများပြည်သူအကျိုးကို မဆောင်ရွက်သောကြောင့် ဆိုရှယ်လစ် နာမည်ပျက်ခဲ့ဖူးပြီ။ ယခု အမည်ခံ ဒီမိုကရေစီအတု ပေါ်ထွက်လာပြီ။ စည်း ကမ်းရှိသော ဒီမိုကရေစီဟုဆိုသည်။ လက်တွေ့တွင် အလုပ်သမား၊ လယ် သမားများကို နှိပ်စက်နေသည်။ ဒီမို ကရေစီ နာမည်ပျက်မှာ စိုးမိသည်။ ပြည်သူများအနေဖြင့် ဆိုရှယ်လစ်သံ မကြားချင်၊ ဒီမိုကရေစီသံမကြားချင် ထိုမျှမက နိုင်ငံရေးသမားဟူသော အသံကိုပင် မကြားချင်ဟူသော အဖြစ် မျိုး ဆိုက်ရောက်လာလျှင် တိုင်းပြည်ကို ပြုပြင်ပြောင်းလဲရေးမှာ ပိုမိုခက်ခဲလာ နိုင်သည်။

ထို့အပြင် သမိုင်းစာမျက်နှာ များကို ပြန်လည်လှန်လှောကြည့်လျှင် ထင်ထင်ရှားရှား သိမြင်နိုင်သော အချက်တချက်ရှိသည်၊ ထိုအချက်ကား အခြား မဟုတ်၊ ဗမာ့နိုင်ငံရေးတွင် အလုပ်သမား၊ လယ်သမားတို့၏ လှုပ်ရှားမှုမပါဘဲ မည်သို့သော အပြောင်း အလဲမျိုးကိုမှ ဖန်တီးဆောင်ကြဉ်း၍ မရနိုင် ဟူသောအချက်ပင်ဖြစ်သည်။ ။



# တခုတည်းသောသမဂ္ဂ၊ ကျောင်းသားတွေရဲ့ တခုတည်းသောဗဟို

တခေတ်တချိန်က ဗမာပြည်မှာ တစည်းတလုံးနဲ့ ကျောက်ဆောင်ကျောက်သားပမာ ကြံ့ခိုင်ခဲ့တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂကို အပြိုင်အဆိုင်တွေ၊ အကွဲအပြဲတွေနဲ့ တွေ့ရတော့မလိုလို အခြေအနေတွေ တွေ့မြင်နေရတာ စိုးရိမ်စိတ်မကောင်းစရာပဲ ဖြစ်ပါတယ်။ အထူးသဖြင့် တချိန်က ကျောင်းသားသမဂ္ဂရယ်လို့ ဗမာနိုင်ငံမှာ ထီးထီးမားမား တည်ရှိပြီး ကျောင်းသားအရေး၊ မိဘပြည်သူများအရေးကို ဆောင်ရွက်ခဲ့တာတွေကို တွေ့မြင်သိရှိသူတွေအဖို့ အသည်းနင့်မျှခံစားရပါတယ်။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဆိုတာဟာ တိုက်ပွဲတွင်းမှာ မွေးဖွား၊ တိုက်ပွဲတွင်းမှာ ရှင်သန်၊ တိုက်ပွဲထဲမှာ ကြီးထွားခဲ့တာပါ။ ကိုလိုနီခေတ်ကစလို့ ကနေ့အထိ တိုင်းပြည်ကို ဖိနှိပ်သူတွေက အုပ်စိုးနေတဲ့ နှစ်ပေါင်း ၆၀ ကျော်ကြာ ကာလတလျှောက်မှာ ကျောင်းသားသမဂ္ဂ တိုက်ပွဲလို့ ဆိုရမလိုတောင် ဖြစ်နေခဲ့ပါတယ်။ သမဂ္ဂခေါင်းဆောင်တဖြစ်လဲ သခင်တွေဟာ သခင်ပေါက်စ ထောင်ခြောက်လ ခေတ်မှာ ထောင်ထဲဝင်ခဲ့ကြရသလို လွတ်လပ်ရေးခေတ်နောက်ပိုင်းမှာကျတော့ သမဂ္ဂခေါင်းဆောင်တွေအဖို့ ထောင်နဲ့အိမ်ဟာ အိမ်ဦးနဲ့ကြမ်းပြင် ဖြစ်ခဲ့ရပါတယ်။ မလိုသူတွေက ကွယ်ရာမှာ သူတို့ကို "ထောင်စာလေးတွေ" လို့ ခေါ်တာတောင် ရှိခဲ့ပါတယ်။

ဒီတော့ ကျောင်းသားထုနဲ့ ပြည်သူလူထုဟာ ကျောင်းသားသမဂ္ဂတွေကို သူတို့အတွက် တိုက်ပွဲဝင်တဲ့ အဖွဲ့အစည်းလို့ မြင်ထားကြသလို ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဖွဲ့ကျူးခဲ့တဲ့ 'ထဆင်ထူးကို တမြည်မြည်သင်ခဲ့တဲ့ ထီမထင်' တိုက်ပွဲဝင်တဲ့လူတွေ (တနည်း တိုက်ပွဲကို မရှောင်တဲ့လူတွေ) နဲ့ ဖွဲ့စည်းထားတာပဲ ဖြစ်စေချင်ကြပါတယ်။ ဒါနဲ့ပြောင်းပြန် ဖိနှိပ်သူအာဏာပိုင်တွေကတော့ ကျောင်းသားသမဂ္ဂဆိုတာကို မတတ်သာလို့ တည်ရှိနေစေရတယ်ဆိုရင် သူတို့ကို ဆန့်ကျင်တာတွေမလုပ်တဲ့ ရပ်ကွက်ဓမ္မာရုံအသင်း၊ သဟာယနဲ့စာဖတ် အဖွဲ့အစည်းလေးလောက် ဖြစ်စေချင်တာပါ။ ဒီနေ့ဗမာပြည် အနှံ့အပြားမှာ ဖွဲ့စည်းဖို့ လုံးပန်းနေကြတဲ့ ကျောင်းသားသမဂ္ဂတွေကသာ "စစ်အာဏာရှင် ဆန့်ကျင်ရေး မပြောပါဘူး၊ ဗမာပြည်ရဲ့ ကမောက်ကမပညာရေးအခြေအနေကို ပြစ်တင်ဝေဖန်တာ မလုပ်ပါဘူး၊ ကျောင်းသား အခွင့်အရေးတွေအတွက် တိုက်ပွဲမဝင်ပါဘူး၊ အင်န်ဂျီအိုတွေရဲ့အစီအစဉ်တွေကိုသာ လုပ်နေပါမယ်" လို့ ကတိပေးခဲ့ရင် ဗိုလ်သိန်းစိန်အစိုးရက ဝမ်းမြောက်ဝမ်းသာ ချက်ချင်းပဲ တည်ထောင်ခွင့်ပေးမှာပါ။ သမဂ္ဂအဆောက်အဦတွေကိုလည်း သူတို့ကတောင် ဆောက်ပေးပါလိမ့်ဦးမယ်။

ပြန်စဉ်းစားလိုက်ရင် ဗမာပြည်နိုင်ငံရေးသမိုင်းမှာ ပါတီအဖွဲ့အစည်းတွေ ကွဲပြဲခဲ့တာ မနည်းပါဘူး။ ဒါပေမဲ့ ဗကသ ကွဲတယ်။ ကျောင်းသားသမဂ္ဂ ကွဲတယ်ဆိုတာ မရှိခဲ့ပါဘူး။ ကျောင်းသားလောကထဲမှာ ကျောင်းသားညီညွတ်ရေးတပ်ဦး၊ ဒီအက်စ်အို၊ တပ်ဦးသစ်၊ အင်အား စသဖြင့် မတူတဲ့ အင်အားတွေတည်ရှိ ပြိုင်ဆိုင်ခဲ့ကြပေမယ့် ဘယ်သူကမှ ကိုယ့်ဟာကိုယ် သမဂ္ဂထထောင်တယ်လို့ မလုပ်ဝံ့၊ မလုပ်ခဲ့ပါဘူး။ သမဂ္ဂရဲ့ အရှိန်အစော်က ကြီးလွန်းလို့ အားလုံးပဲ ကျောင်းသားထုရဲ့ဆန္ဒကို လေးစားရပါတယ်။ နောက်ပြီး လူထုကလည်း ဒါမျိုးကို မကြံကောင်း မစည်ရာဆိုပြီး နှာခေါင်းရှုံ့ကြမှာပါ။

နောက်ထောက်ပြသင့်တယ်ထင်တဲ့ အချက်တချက်က ဗိုလ်ချုပ်အောင်ဆန်း၊ သခင်ဗဟိန်း၊ ဗိုလ်အောင်ကျော် စသူတွေ တည်ထောင်ခဲ့တဲ့၊ သမိုင်းမှာ အစဉ်အလာကြီးခဲ့တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂကို နာမည်ပြောင်းဖို့ဆိုတာမျိုးလည်း ဘယ်သူမှမတွေးဝံ့၊ မကြံစည်ဝံ့ခဲ့ကြပါဘူး။ ဗိုလ်နေဝင်းနဲ့ စစ်အာဏာရှင်အဆက်ဆက်က သမဂ္ဂတွေနဲ့ သမဂ္ဂအစဉ်အလာတို့ကို သမိုင်းစာမျက်နှာပေါ်က ပျောက်သွားအောင် ရာစုနှစ်

တဝက်လောက် လုပ်လာတော့ သမိုင်းကိုမသိ၊ သမိုင်းကို ထိုက်တန်စွာတန်ဖိုး မထားတတ်သူတွေက ဒါတွေကို မလောက်လေးမလောက်စားများ လုပ်လာသလားလို့ စဉ်းစားစရာဖြစ်နေပါတယ်။ ဗိုလ်နေဝင်းဟာ ဗမာစကားဝေါဟာရ၊ သတ်ပုံတွေနဲ့ နိုင်ငံရေးအမြတ် ထုတ်လေ့ရှိတယ်ဆိုတာကိုလည်း မမေ့သင့်ပါဘူး။

ကျောင်းသားသမဂ္ဂတွေ မကွဲခဲ့။ စင်ပြိုင်တွေ မပေါ်ခဲ့တာရဲ့ အဓိကအကြောင်းရင်းတခုကတော့ သမဂ္ဂတွေရဲ့ သမိုင်းမှာ ဘယ်သံရုံး၊ ဘယ်နိုင်ငံရဲ့ (အင်န်ဂျီအိုဆိုတာ အဲဒီတုန်းက မပေါ်သေးပါ)၊ ဘယ်ပြင်ပအင်အားစုရဲ့ အကူအညီ အထောက်အပံ့ကိုမှ မယူခဲ့တာ ဖြစ်ပါတယ်။ သမဂ္ဂတွေဟာ ပြည်သူလူထုနဲ့ကျောင်းသားထုဆီက အလှူခံပြီး အသက်ရှင်လှုပ်ရှားခဲ့တာ ဖြစ်ပါတယ်။ ဖောက်ပြန်တဲ့ အာဏာပိုင်တွေက ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေကို ကိုယ့်လူအဖြစ်မွေးဖို့၊ ဝယ်ယူဖို့ကြိုးစားရာမှာ ရာထူးပေး၊ ငွေပေးလုပ်တဲ့ နည်းတွေကိုလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ပါတယ်။ ထောင်ထဲမှာ ဖမ်းထားပြီး အလုပ်အကိုင်ပေးမယ်၊ ရာထူးပေးမယ်၊ လက်နက်ချလို့ အကျပ်ကိုင်တာမျိုးတွေလည်း ရှိပါတယ်။

ကျောင်းသားသမဂ္ဂတွေဟာ ကျောင်းသားလှုပ်ရှားမှုတွေအပြင် စာပေပညာရှင်တွေကို ဖိတ်ခေါ် ဟောပြောစေတာနဲ့ ပညာရေး နှီးနှောဖလှယ်ပွဲ၊ တက္ကသိုလ်ငွေရတုသဘင်ပွဲ စတာတွေ ကျင်းပခဲ့ပေမယ့် ဈေးရောင်းပွဲနဲ့ ငွေရှာတာမျိုး မလုပ်ပါဘူး။ ရပ်ကွက်ထဲ၊ ဈေးထဲ၊ အလှူခံထွက်တာတော့ လုပ်ပါတယ်။ ကျောင်းသားသမဂ္ဂ၊ အထူးသဖြင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂတွေကို နိုင်ငံတော်အစိုးရက ငွေကြေးထောက်ပံ့တဲ့ အစဉ်အလာကို ဗြိတိသျှကိုလိုနီအစိုးရက သူတို့နိုင်ငံမှာနည်းတူ စနစ်တခုအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဒါကို လွတ်လပ်ရေးနောက်ပိုင်း အစိုးရများကလည်း လိုက်နာကျင့်သုံးခဲ့ပါတယ်။ ဒါပေမဲ့ ဗိုလ်နေဝင်းက အာဏာသိမ်းပြီးတဲ့နောက်မှာတော့ သမဂ္ဂတွေလည်း ဥပဒေဘောင်အပြင်ဘက်ရောက်၊ ဒီအစဉ်အလာလည်းပျောက် ဖြစ်ခဲ့ရပါတယ်။ အမှန်မှာ အစိုးရကပေးတယ်ဆိုတဲ့ငွေဟာ စာသင်နှစ်အစမှာ ကျောင်းသားတွေဆီက ကောက်ခံထားတဲ့ငွေတွေဖြစ်လို့ ကျောင်းသားတွေက ပေးတဲ့ငွေလို့ဆိုမှ ပိုမှန်မှာပါ။ ဒါပေမဲ့ ဒီငွေဟာ သမဂ္ဂရဲ့တနှစ်စာ အသုံးအတွက် မလုံလောက်ပါဘူး။ ဒါကြောင့် အခါအားလျော်စွာ ကျောင်းသားတွေဆီမှာ ခွက်ထိုးအလှူခံတာ၊ လူထုဆီမှာ ဖြတ်ပိုင်းဖြတ် အလှူခံတာတွေ လုပ်ရပါတယ်။ သမဂ္ဂဆိုတာဟာ ဒီလိုနည်းနဲ့ ရန်ပုံငွေတွေ ရခဲ့တာဖြစ်လေတော့ ကျောင်းသားထုမျက်နှာနဲ့ ပြည်သူလူထုမျက်နှာကလွဲလို့ ဘာမှထောက်ထားစရာ မလိုတော့ပါဘူး။

ဒီလိုအကြောင်းရင်းတွေကြောင့်ပဲ ဗမာပြည်နောက်ပိုင်းသမိုင်းမှာ ကိုလိုနီနယ်ချဲ့သမားရော စစ်အာဏာရှင်တွေအပါ ဖိနှိပ်တဲ့ အစိုးရတွေအဖို့ ကျောင်းသားသမဂ္ဂတွေဟာ အကြီးမားဆုံးပစ်မှတ်တခုအဖြစ် တည်ရှိခဲ့ပါတယ်။ ဒါကြောင့်မို့ သူတို့ဟာ ကျောင်းသားသမဂ္ဂကို နည်းမျိုးပေါင်းစုံနဲ့ သူတို့အပိုင်ဖြစ်ဖို့ လုံးပန်းခဲ့ကြပါတယ်။ ဒါကို ဖဆပလ အစိုးရလက်ထက်တုန်းက ဆိုရှယ်လစ်ပါတီက နည်းမျိုးပေါင်းစုံနဲ့ ညစ်တီးညစ်ပတ်လုပ်ခဲ့သလို ရှစ်လေးလုံးနောက်ပိုင်းမှာ ဗိုလ်ခင်ညွန့်တို့ထောက်လှမ်းရေးကလည်း ငွေပုံပေးတာအပါ နည်းလမ်းပေါင်းစုံ အသုံးပြုခဲ့ပါတယ်။ ဒီလိုအခါမှာ တချိန်တုန်းက တခုတည်းသောကျောင်းသားသမဂ္ဂဆိုတဲ့မူ အပေါ်မှာ မားမားရပ်ပြီး အနာခံခဲ့တဲ့ သမဂ္ဂ ခေါင်းဆောင်နဲ့ ကျောင်းသားအဆက်ဆက်ကို သတိရမိပါတယ်။

တပါတည်းမှာပဲ ဒီနေ့ခေတ်ကျောင်းသားသမဂ္ဂဖော်ထုတ်ရေး၊ သမဂ္ဂအလံတော်အောက်မှာ တိုက်ပွဲဝင်ရေးတို့အတွက် လုံးပန်းနေ သူအားလုံးကိုလည်း ကျောင်းသားသမဂ္ဂကို စတင်တည်ထောင်ခဲ့သူနဲ့ သယ်ဆောင်ခဲ့သူတွေရဲ့ ဆန္ဒနဲ့မျှော်မှန်းချက်တွေကို သတိရကြပါ၊ ကျောင်းသားတွေရဲ့ ၁၉၃၆ ခုနှစ်ကစလို့ ၁၉၆၂ ခုနှစ်ဇူလိုင် (၇) ရက် အရေးတော်ပုံအလယ် ရှစ်လေးလုံးအရေးတော်ပုံအထိ ဖြစ်တဲ့ ဂုဏ်ပြောင်လှတဲ့ကျောင်းသားတွေရဲ့ တိုက်ပွဲကြီးတွေနဲ့ အဲဒီတုန်းက စိတ်ဓာတ်တွေကို သတိရကြပါလို့ သတိပေးလိုပါတယ်။ သူတို့တွေဟာ ကျောင်းသားသမဂ္ဂတွေ တည်တံ့ရေးအတွက် အသက်တောင် ပေးခဲ့ကြတာပါ။ တကယ်တော့ ဒီနေ့အထိ အသက်ဝင် တည်ရှိနေတဲ့ ကျောင်းသားသမဂ္ဂဟာ ဗမာပြည်သမိုင်းမှာ သက်တမ်းအရှည်ဆုံး အဖွဲ့အစည်းဖြစ်မယ် ဆိုတာကိုလည်း မမေ့သင့်ပါဘူး။ ။

> **ဗကသ ကွဲတယ်။ ကျောင်းသားသမဂ္ဂ**
> **ကွဲတယ်ဆိုတာ မရှိခဲ့ပါဘူး**

# ဒီနေ့ “အပြောင်းအလဲ” နဲ့ အမျိုးသားဓနရှင်လူတန်းစား

ဗိုလ်ချုပ်သိန်းစိန်တို့က “အပြောင်းအလဲ” ဆိုတဲ့စကားတွေ ပြောလာတော့ အနိုင်နိုင်ငံက လက်ဝဲအဖွဲ့အစည်းတွေနဲ့ လှုပ်ရှားမှုတွေက ဗမာပြည်မှာ အမျိုးသားဓနရှင်လူတန်းစားအဖို့ စီးပွားရေးထွန်းကားခွင့်ရတော့မှာလားလို့ မေးတာတွေ ရှိလာပါတယ်။ သူတို့ စိတ်ဝင်စားတာဟာ သဘာဝကျပါတယ်။ ဗမာပြည်လို မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတခုမှာ အစိုးရဟာ အမျိုးသားဓနရှင်လူတန်းစားအပေါ် ဘယ်လို သဘောထားတယ်ဆိုတာဟာ အရေးပါတဲ့ စံတခု ဖြစ်ပါတယ်။ ဆိုလိုတာက အုပ်စိုးတဲ့အစိုးရကို အကဲဖြတ်တဲ့ စံပါ။

ဒီနေရာမှာ အမျိုးသားဓနရှင်ဆိုတာ ဘာလဲဆိုတာကို အရင်အကျဉ်းရုံး ပြောလိုပါတယ်။ ဒီအသုံးအနှုန်းဟာ ကိုလိုနီနိုင်ငံတွေ၊ ကိုလိုနီတပိုင်းနိုင်ငံတွေ ဖြစ်ပေါ်လာမှ ပေါ်ထွက်လာတဲ့အသုံးအနှုန်း ဖြစ်ပါတယ်။ အဲဒီအရင်က ဓနရှင်လူတန်းစားဆိုတဲ့ အသုံးအနှုန်းရှိခဲ့ပေမယ့် အမျိုးသားဓနရှင်ဆိုတာ မရှိခဲ့ပါဘူး။ နိုင်ငံတွေ ကိုလိုနီဘဝကနေ လွတ်မြောက်အောင် ရုန်းထွက်ကြချိန်၊ လွတ်လပ်ရေး ရပြီးကာစအချိန်မှာမှ ပေါ်လာတဲ့ ဓနရှင်လူတန်းစား ဖြစ်ပါတယ်။ သူတို့ဟာ မိမိတိုင်းပြည်ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးကို လွတ်လပ်တာ လိုလားပါတယ်။ မလွတ်လပ်မီ ကာလမှာ လွတ်လပ်ရေးလှုပ်ရှားမှုတွေကို ထောက်ခံအားပေးပါတယ်။ လွတ်လပ်ပြီးခါစမှာ လွတ်လပ်ရေးအချုပ်အခြာ တည်တံ့ခိုင်မြဲရေးနဲ့ စီးပွားရေးအမှီအခိုကင်းရေးကို လိုလားပါတယ်။ တိုင်းပြည်ရဲ့ စီးပွားရေးကို အုပ်စိုးသူ အာဏာရှင်တွေနဲ့ သူတို့ရဲ့ မိုက်ဖော်ဆိုးဖက် ခရိုနီတွေက လက်ဝါးကြီးအုပ်ထားတာကို ဆန့်ကျင်ပါတယ်။ တနည်းပြောရရင် အာဏာရှင်တွေရဲ့ ဖိနှိပ်ညစ်ပတ်မှုကို တနည်းမဟုတ်တနည်းနဲ့ ခံနေရသူတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ စီးပွားရေး တိုးတက်မှုဟာ အာဏာရှင်နဲ့ခရိုနီတွေရဲ့ စီးပွားရေး တိုးတက်မှုနဲ့ ပဋိပက္ခဖြစ်နေပါတယ်။ ဒီနေ့ဗမာပြည်မှာဆိုရင် ခရိုနီလုပ်ငန်းရှင် မဟုတ်တဲ့၊ ပြည်ပနိုင်ငံတွေ လုပ်ငန်းရှင်တွေကို မှီခိုနေတာ မဟုတ်တဲ့ လုပ်ငန်းရှင်အားလုံးကို အမျိုးသားဓနရှင်တွေလို့ ဆိုနိုင်ပါတယ်။

သူတို့နဲ့ပြောင်းပြန် အာဏာရစစ်အုပ်စုနဲ့ သူ့အသိုင်းအဝိုင်းတွေဟာ ပြည်တွင်းကလူတွေ၊ ပြည်တွင်းမှာ စီးပွားရေးလုပ်နေကြတဲ့လူတွေ ဖြစ်ပေမယ့် သူတို့ဟာ သူတို့ရဲ့အာဏာကို အကြောင်းပြုလို့ ပြည်ပအရင်းရှင်ကြီးတွေနဲ့ အဆက်အသွယ်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအတွက် ကြားခံပွဲစားလုပ်ခွင့်တွေ ရလာပါတယ်။ ဒီလိုနဲ့ သူတို့ဟာ ပြည်ပက အရင်းရှင်ကြီးတွေရဲ့ လက်ဝေခံတွေ ဖြစ်လာပါတယ်၊ ဒီနေ့ဗမာပြည်မှာ ပြည်ပက ပြည်ပရင်းနှီးမြှုပ်နှံမှုကို အကြောင်းပြုပြီး ဘယ်သူတွေ ကြီးပွားနေကြတယ်ဆိုတာကို ကြည့်လိုက်ရင် ဒီကိစ္စ အင်မတန်ရှင်းလင်းပါတယ်။ သူတို့ဟာ ပြည်ပအရင်းရှင်ကြီးတွေနဲ့ လက်ချင်းဆက်ပြီး ပြည်တွင်းက အလုပ်သမားတွေကို သွေးစုပ်၊ လယ်သမားတွေရဲ့ မြေတွေကိုလုယက် ကြီးပွားချမ်းသာနေကြသူတွေ ဖြစ်ပါတယ်။

ဒီလိုဆိုတဲ့အတွက် အမျိုးသားဓနရှင်လူတန်းစားဟာ အလုပ်သမားတွေကို သွေးမစုပ်ဘူးလို့ မဆိုလိုပါဘူး။ နဂိုက အမျိုးသားဓနရှင်၊ နောက်ကျတော့ တစုံတခုသောအခြေအနေအောက်မှာ လက်ဝေခံဓနရှင်အဖြစ် ပြောင်းလဲသွားတာတွေလည်း ရှိတတ်ပါတယ်။

ဗမာပြည်မှာက လွတ်လပ်ရေးဆိုတာကိုရပြီးလို့ အမျိုးသားဓနရှင်လူတန်းစားရဲ့စီးပွားရေးဟာ အရှိန်ယူအတောင်ပံ ခတ်တုန်းရှိဆဲ နိုင်ငံတော်အာဏာကို စစ်တပ်က အာဏာသိမ်းတာ ခံလိုက်ရပါတယ်။ ဒီတော့ ဒီအက်စ်အိုင်၊ ဘီအီးဒီစီ စတဲ့ စစ်အုပ်စုရဲ့ စီးပွားရေးနဲ့ ထိပ်တိုက်ဖြစ်လာခဲ့ပါတယ်။ ၁၀ နှစ် ဆိုတဲ့အချိန်ကာလဟာ ကိုလိုနီဘဝကနေ ရုန်းကန်ရတဲ့ စီးပွားရေး

တရပ်အဖို့ ခြေခြေမြစ်မြစ် ပြောင်းလဲတိုးတက်တာ မဖြစ်နိုင်ပါဘူး။ ကိုလိုနီ လုပ်သွားသူတွေရဲ့ စီးပွားရေးတွေလည်း ကျန်ရှိနေတတ်ပါသေးတယ်။ အထူးသဖြင့် အုပ်စိုးသူ လူတန်းစားဟာ ပြည်တွင်းက အမျိုးသားဓနရှင်ထက် ပြည်ပက အရင်းရှင်ကြီးတွေကို ပိုအားထားနေတဲ့ အနေအထားမှာ အမျိုးသားဓနရှင် လူတန်းစားအဖို့ ဖားလောင်းကနေ ဖားဖြစ်ဖို့ဆိုတာ အတော်ကို ခက်ပါတယ်။ အဲဒီအချိန်မှာပဲ အတက်အစွယ် ပြည့်စုံနေပြီဖြစ်တဲ့ ဗိုလ်နေဝင်း – ဗိုလ်အောင်ကြီးတို့ရဲ့ စစ်အုပ်စုကလည်း ဂျပန်စစ်လျော်ကြေးကတဆင့် ဂျပန်အရင်းရှင်ကြီးတွေရဲ့လက်ဝေခံ ပျော်ပျော်ကြီး လုပ်နေကြတာပါ။ သူတို့က အမျိုးသားဓနရှင်တွေကို သန့်ရှင်းရဲ့လူလား၊ တည်မြဲရဲ့လူလားဆိုတဲ့ မျက်စိနဲ့ပဲ ကြည့်တတ်ကြပါတယ်။ ဒီလိုနဲ့ ၁၉၆၂ ခုနှစ် အာဏာသိမ်းတဲ့ အခါကျတော့ ဗိုလ်နေဝင်းတို့စစ်အုပ်စုက မျက်စိစပါးမွေး စူးတာခံခဲ့ရတဲ့ ဗမာပြည်က အမျိုးသားဓနရှင် လူတန်းစားဟာ "ဇုဇကာ" ဆိုင်းဘုတ် တပ်ခံရပြီး ဓနလည်း အသိမ်းခံရ၊ လူလည်း အဖမ်းခံရ ဖြစ်သွားခဲ့ပါတော့တယ်။

ဗိုလ်နေဝင်းရဲ့ "မြန်မာ့ဆိုရှယ်လစ်" ခေတ်ကိုတော့ အထူးမပြောတော့ပါဘူး။ "ပြည်သူပိုင်သိမ်းတယ်" ဆိုပြီး အမျိုးသားဓနရှင်တွေကို အနိုင်ကျင့်ရတာကိုပဲ အောင်ပွဲခံသလို ဝါဒဖြန့်ခဲ့တဲ့ စစ်ဗိုလ်တွေဟာ တိုင်းပြည်အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်သွားတာတောင်မှ "ရှေ့သို့ – ရှေ့သို့" အော်နေတုန်း မဟုတ်ပါလား။ နောက်ဆုံးရှစ်လေးလုံး အရေးတော်ပုံကြီးက ပညာပေးလိုက်တော့မှပဲ အာဏာရစစ်အုပ်စုဟာ ဂီယာပြောင်းတော့တာ ဖြစ်ပါတယ်။ ဒါဟာ ဗိုလ်သိန်းစိန်တို့ မတိုင်မီ (ဗိုလ်သိန်းစိန်အပါ) နဝတ – နအဖ စစ်အုပ်စု လုပ်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က အပြောင်းအလဲ ဖြစ်ပါတယ်။ လက်တွေ့မှာ အဲဒီကတည်းက လုပ်လိုက်တဲ့ အပြောင်းအလဲကြောင့်မို့ တိုင်းပြည်ရဲ့စီးပွားရေး ဒီနေ့အခြေဆိုက်၊ ပြည်သူလူထုအဖို့ မီးမလာ ရေမရာဘဝ ဆိုက်သွားခဲ့ပါတယ်။

၈၈ ခုနှစ် နောက်ပိုင်းမှာ စစ်အုပ်စုထိပ်သီးတွေရဲ့ "ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ပစေ" ဆိုတဲ့မူကြောင့် ဒီကာလအတွင်းမှာ စစ်အုပ်စု ထိပ်သီးတွေနဲ့ မိုက်ဖော်ဆိုးဘက် ခရိုနီတွေ ဓနရှင်တွေ ပေါ်လာတာကလွဲရင် ကျန်တာ အားလုံးဟာ ဒီနေ့အထိ ဒုံရင်းအတိုင်းပါပဲ။ ဒီတလော နိုင်ငံအနှံ့အပြားမှာ လျှပ်စစ်မီးပုံမှန်မရတာကို ဆန္ဒပြကြတဲ့ လှုပ်ရှားမှုတွေ ဆက်တိုက်ပေါ်လာတာဟာ ဗိုလ်သိန်းစိန် ဆောင်ကြဉ်းလာတဲ့ အပြောင်းအလဲရဲ့ သင်္ကေတလို့ ဆိုနိုင်ပါတယ်။ တကယ်ကျတော့ ဗမာနိုင်ငံရဲ့ စီးပွားရေးတခုလုံးဟာ ဒီကနေ့အထိ စစ်အုပ်စုနဲ့သူတို့ရဲ့သားမြေးမြစ်၊ တပည့်ငယ်သားတွေရဲ့ အိတ်ထောင်ထဲမှာပဲ ရှိနေတယ်မဟုတ်ပါလား။ ကျန်လုပ်ငန်းရှင်တွေမှာတော့ စစ်တပ်နဲ့ သူတို့အသိုင်းအဝိုင်းက မလုပ်ချင်တဲ့ လုပ်ငန်းကိုမှ လုပ်ရပါတယ်။ ဒါတောင်မှ စစ်တပ်အရာရှိတွေကို လာဘ်တွေအမြောက်အမြား ထိုးရပါသေးတယ်။

ဒီနေ့အခါမှာ စီးပွားရေး လုပ်ငန်း – ကြီးကြီးသေးသေး – လုပ်မယ်၊ ကုမ္ပဏီတခု ထောင်မယ်ဆိုရင် စစ်တပ်အရာရှိဟောင်းတွေကို ကုမ္ပဏီမှာ နာမည်ခံပေးဖို့အတွက် ငွေပေးရတဲ့အဖြစ်ကို ရောက်နေပါတယ်။ ကုမ္ပဏီဒါရိုက်တာချုပ်က စစ်အရာရှိဟောင်းဖြစ်နေရင် လိုင်စင်လျှောက်ရ၊ လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ရတာ လွယ်တယ်၊ ပူးတွဲလုပ်ကိုင်မယ့် ပြည်ပရင်းနှီး မြှုပ်နှံသူတွေကလည်း ပိုယုံပါတယ်။ ဒါကြောင့်ပဲ ဘန်ကောက်ကနေတင်တဲ့ မေလ ၁၇ ရက်၊ အေးရှားတိုင်းမ်စ်က အွန်လိုင်းဆောင်းပါး တခုမှာ "အခုအခါ အမေရိကန်နဲ့ အနောက်နိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရင် ဒီစစ်ဗိုလ် အမျိုးအနွယ်တွေကို ရှာရမှာပဲ" လို့ ဖော်ပြထားပါတယ်။

အာဏာရစစ်အုပ်စုရဲ့ ပထမဆုံး အသိသာဆုံး အပြောင်းအလဲကို ၁၉၉၀ ခုနှစ်မှာ မြန်မာ့ဦးပိုင်ကုမ္ပဏီလီမိတက် ထူထောင်ခဲ့တာမှာ အထင်ရှားဆုံး တွေ့မြင်ခဲ့ရပါတယ်။ တိုင်းပြည်ရဲ့ မြေပေါ်မြေအောက် သယံဇာတနဲ့ ဝန်ဆောင်မှုလုပ်ငန်းအပါ စီးပွားရေးလုပ်ငန်းအားလုံးကို စစ်တပ်က သိမ်းပိုက်လိုက်တာပါ။ ပွဲလန့်နေတုန်း ဖျာခင်းတာထက် ဆိုးပါတယ်။ သူ့နောက်ကွယ်မှာ ရောမအရင်းအနှီး (ဒါကလည်း နိုင်ငံတော် ဘဏ္ဍာထဲက အဓိက ဖြစ်ပါတယ်) ကြီးနဲ့ စစ်တပ်ကြီး ကပ်ပါလာပါတယ်။ ဒါကို ၁၉၉၀ ခုနှစ်၊ မေလမှာ ထုတ်ဝေခဲ့တဲ့ ပြည်သူ့အာဏာ ဂျာနယ် အမှတ် ၆ မှ 'စစ်တပ်စီးပွားရေး– ဦးပိုင်လီမိတက်' ဆိုတဲ့ ဆောင်းပါးမှာ ဒီလိုရေးထားတာ ပါရှိပါတယ်။ "ဤအတိုင်းသာ ဆက်လက်တိုးချဲ့သွားပါက နောင်ဆယ်နှစ်ခန့် ကြာသောအခါ တခုသော မနက်ခင်း၌ ကြက်တွန်သံကြား၍ ထကြည့်လိုက်ရာဝယ် ဗမာပြည်၏

ဒီကာလအတွင်းမှာ စစ်အုပ်စုထိပ်သီးတွေနဲ့
မိုက်ဖော်ဆိုးဘက် ခရိုနီတွေ ဓနရှင်တွေ
ပေါ်လာတာကလွဲရင်

**စစ်အုပ်စုထိပ်သီးတွေနဲ့ သူတို့ရဲ့ ဆိုးဖော်တေဖက် ခရိုနီတွေက ဖန်တီးလိုက်တဲ့ လက်ရှိ “အလှည့်အပြောင်း”ဟာ သူတို့ရဲ့ဓနတွေ ပိုပြီးတာရှည် တည်မြဲအောင်၊ ပိုမို တိုးပွားအောင် လုပ်ဖို့သာ**

စီးပွားရေး အသက်သွေးကြောများအား စစ်အုပ်စုနှင့်၎င်းဦးပိုင်လီမိတက်တို့က ချုပ်ကိုင်ထားသည်ကို မြင်ရလျှင် မျက်စိပွင့်ပြီးထပ်ကြည့်စရာမလိုဟု ပြောလိုပါသည်။” ဒီနေ့ဖြစ်နေတာတွေဟာ အဲဒီ ဟာနဲ့ ဘာမှမကွာပါဘူး။

လက်ရှိဗမာနိုင်ငံ စီးပွားရေး မှာ လူပြောများ နာမည်ပျက်လှတဲ့ ကိစ္စတခုကတော့ စစ်အုပ်စုထိပ်သီးပိုင်းတွေရဲ့ စီးပွားရေး လုပ်ငန်းတွေဟာ ပင်လယ်ထဲက ရေခဲဆောင်ကြီးတွေလို အဖျားပိုင်းလေးကိုသာ လူတွေက မြင်နေကြရတဲ့ကိစ္စ ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းကတည်းက ကျိတ်စုဆောင်းပြီး လျှို့ဝှက်ထားခဲ့တဲ့ ထိပ်သီးတွေရဲ့ဓနဟာ ကနေ့ခါမှာ ဘယ်လောက်အထိ ဖြစ်နေပြီလဲ ဘယ်သူမှမပြောနိုင်သလို သူတို့တတွေ ရှောင်ခဲ့၊ လိမ်ခဲ့တဲ့ အခွန်တွေလည်း ဘယ်လောက်တောင်များနေပြီလဲဆိုတာ ဘယ်သူမှ မသိပါဘူး။ ဗမာပြည်စီးပွားရေး လောကမှာ ဘယ်လုပ်ငန်းရဲ့ နောက်ကွယ်မှာ ဘယ်ထိပ်သီး ရှိနေတယ်လို့ ပြောရတာမျိုးဟာဆိုရင် ရိုးတောင်နေပါပြီ။

ဒီလိုတိုင်းပြည်ရဲ့ စီးပွားရေးအခေါင်အညွန့်ကို တနင့်တပိုးစားခွင့်ရနေတဲ့ စစ်အုပ်စုထိပ်သီးတွေနဲ့ သူတို့ရဲ့ဆိုးဖော်တေဖက် ခရိုနီတွေက ဖန်တီးလိုက်တဲ့ လက်ရှိ “အလှည့်အပြောင်း”ဟာ သူတို့ရဲ့ဓနတွေ ပိုပြီးတာရှည်တည်မြဲအောင်၊ ပိုမိုတိုးပွားအောင်လုပ်ဖို့သာ ဖြစ်တယ်ဆိုတာ လူတိုင်းသိပါတယ်။ ဒီလိုလုပ်ရာမှာ အခုတော့ နိုင်ငံရေးနယ်ပယ်ကိုပါ သူတို့ခြေကုပ်မြဲအောင် လုပ်လာကြပါတယ်။ တိုင်းပြည်မှာ အာဏာရနေသူတွေက ခရိုနီတွေကို မွေးတယ်၊ အဲဒီခရိုနီတွေက နိုင်ငံရေးသမားတွေကို မွေးတယ်။ ရာထူးနဲ့လည်း မွေးသလို၊ ဒေါ်လာနဲ့လည်း မွေးပါတယ်။ အာဏာရှင်တွေက အထက်မှာပြောခဲ့သလို ခရိုနီတွေ မွေးပါတယ် (တချို့က သူတို့ရဲ့ငွေမည်းတွေ ခဝါချဖို့ မွေးတာပါ)။ အဲဒီခရိုနီတွေဟာလည်း ဓနအင်အားကြီးထွားလာတာနဲ့အမျှ ယူနီဖောင်းဝတ်တွေအပါ နိုင်ငံရေးသမားတွေကို ပြန်မွေးပါတယ်။ ဒီလိုနဲ့ တချို့သော နိုင်ငံရေးအဖွဲ့အစည်းတွေ၊ လူတဦးချင်းတွေဆိုရင် ခရိုနီလုပ်ငန်းရှင်တွေက ပေးကျွေးတာတွေကို ဘိန်းစွဲသလိုစွဲပြီး မဖြတ်နိုင်ဖြစ်လာတော့တာပါပဲ။ ခရိုနီစီးပွားရေးကနေ ခရိုနီနိုင်ငံရေး ပေါ်လာတတ်ပါတယ်၊

ဒီလိုသံသရာကြီးထဲမှာ အမျိုးသားဓနရှင်လူတန်းစားဟာ စီးပွားရေး ကြီးထွားတောင့်တင်းလာပြီး တိုင်းပြည်ရဲ့နိုင်ငံရေးမှာလည်း အရေးပါ အရာရောက်သူတွေ ဖြစ်ဖို့ဆိုတာ ဖားကနေ မင်းသားဖြစ်လာတယ်ဆိုတဲ့ နတ်သမီးပုံပြင်လိုသာ ဖြစ်ပါလိမ့်မယ်။

မေးပါရစေ။

ဗိုလ်သိန်းစိန် သမ္မတလုပ် အာဏာယူခဲ့လို့ ၁ နှစ်ကျော်ခဲ့တဲ့ ဒီနေ့အခါမှာ စစ်အသိုင်းအဝိုင်းရဲ့ အပြင်ဘက်တွေကို ထွန်းကားခွင့်ပေးမယ့် အလားအလာ၊ ဒါမှမဟုတ် လက္ခဏာ ဘယ်လောက်များ တွေ့နေရပြီလဲ။ ဒါနဲ့ ပြောင်းပြန်ပဲ အနောက်နိုင်ငံတွေက အရင်းအနှီးတွေ ဝင်လာတာနဲ့အမျှ စစ်အုပ်စုဝင်တွေ ပိုချမ်းသာ၊ ပိုဘဝင်ကိုင်၊ ပိုမောက်မာမယ့် အနေအထားကိုပဲ မြင်နေရပါတယ်။

အမျိုးသားဓနရှင်လူတန်းစားက အကြွင်းအကျန်မစားရခင် စစ်အုပ်စုအသိုင်းအဝိုင်းအတွင်း စားကျက်လုကြ၊ ခွက်စောင်းခုတ်ကြမှာကိုလည်း မြင်နေရပါတယ်။



# အာဏာဟာ သေနတ်ပြောင်းဝက ထွက်တယ်

မော့က်စ်ဝါဒကို ထိုးနှက်တိုက်ခိုက်သောအခါ ဆန့်ကျင်တိုက်ခိုက်သူတို့ အသုံးအများဆုံးနည်းမှာ စကားလုံးတို့ကို အဓိပ္ပာယ်တလွဲဖွင့်ဆိုပြီး သိက္ခာချသောနည်း ဖြစ်သည်။ မော့က်စ်ဝါဒီတို့ မပြောသောစကား၊ မပြောသောအဓိပ္ပာယ်ကို ပြောသယောင်လုပ်ပြီး၊ ထိုသို့ပြောသည်မှာ မကောင်းဟု မတော်မတရား စွပ်စွဲပြောဆိုသောနည်း ဖြစ်သည်။ ထိုသို့သောသာဓက အမြောက်အမြား ရှိသည်။ ယင်းတို့အနက် တခုကို ယခုပြောချင်ပါတယ်။

အာဏာဟာ သေနတ်ပြောင်းကထွက်တယ် ဆိုသောစကားကို လူတော်တော်များများ မကြိုက်ကြ။ ဆိုလိုရင်းအမှန်ကို နားမလည်ဘဲ တလွဲအဓိပ္ပာယ်ကောက်ပြီး မကြိုက်ကြခြင်း ဖြစ်သည်။ တလွဲအဓိပ္ပာယ်ကောက်ကြခြင်းမှာလည်း တလွဲအဓိပ္ပာယ်ဖွင့်ပြီး မဟုတ်မတရား သိက္ခာချသူတွေ ရှိခဲ့သောကြောင့် ဖြစ်သည်။

အာဏာဟာ သေနတ်ပြောင်းက ထွက်တယ်ဆိုသော စကားကို မော်စီတုန်းက အာဏာရှင်မို့ ပြောသည်ဟု စွပ်စွဲကြသည်။ ပြည်သူတွေကို သေနတ်နှင့် အုပ်ချုပ်ရမည်၊ သေနတ်နှင့် ဖိနှိပ်ရမည်ဟု မော်စီတုန်းက ပြောသလိုလို ထင်ကြသည်။ ထိုစကား မမှန်ပါ။ ပြောင်းပြန် ဖြစ်သည်။ သမိုင်းတလျှောက်တွင် ပြည်သူကို တန်ဖိုးထားခြင်း၊ ပြည်သူကို ဦးထိပ်တင်ခြင်း၊ ပြည်သူ့အာဏာ ထူထောင်ရန် ကြိုးပမ်းခြင်း အလုပ်တို့ကို ပါတီမူဝါဒအဖြစ်နှင့် ယုံယုံကြည်ကြည် စွဲစွဲမြဲမြဲလိုက်နာပြီး လက်တွေ့အကောင်အထည် ဖော်ကြသူများတွင် သက်တမ်းအရှည်ကြာဆုံး ပါတီများမှာ ကွန်မြူနစ်ပါတီများသာ ဖြစ်သည်။ ကမ္ဘာ့သမိုင်းတလျှောက်တွင် ကွန်မြူနစ်များလောက် ဘယ်သူတွေမှ ပြည်သူလူထုအတွက် အနစ်နာ မခံကြဖူးပါ။

စင်စစ် အာဏာဟာ သေနတ်ပြောင်းက ထွက်တယ်ဟု ဥက္ကဋ္ဌမော်စီတုန်း ပြောခဲ့ခြင်းမှာ သူဖြစ်ချင်သောအရာကို ပြောခဲ့ခြင်း မဟုတ်ပါ။ အာဏာ သေနတ်ပြောင်းက ထွက်ခြင်းသည် ကောင်းသည်၊ မှန်သည်၊ ဖြစ်ထိုက်သည်ဟု ထိုအဆိုဘက်ကနေ ရှေ့နေလိုက် ထောက်ခံပြီး ပြောဆိုခဲ့ခြင်းလည်း မဟုတ်ပါ။ သူပြောသည်မှာ ဖြစ်နေသောအရာကို ပြောခြင်းသာ ဖြစ်သည်။ အရှိတရား၊ ပကတိတရားကိုသာ ပြောနေခြင်း ဖြစ်သည်။ လူမှာ ခြေနှစ်ချောင်းရှိတယ်၊ နွားမှာ ခြေလေးချောင်းရှိတယ်၊ ရေမှာ အောက်ဆီဂျင်နဲ့ဟိုက်ဒရိုဂျင်ဓာတ် ပါတယ်၊ အနုမြူဗုံးပေါက်ကွဲရင် လူပေါင်းများစွာ သေကြေစေနိုင်တယ် ဆိုသည့် စကားတို့နှင့် အလားသဏ္ဍာန်တူသော အမှန်တရားတခုကို ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။ ထိုကဲ့သို့သော အမှန်တရားမျိုးသည် ခင်ဗျားတို့ ကျွန်တော်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သူ့ဘာသာ မှန်နေသော အမှန်တရားမျိုး ဖြစ်သည်။ လူတို့၏ ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ လိုခြင်း၊ မလိုခြင်းဟူသော ဆန္ဒစွဲတို့နှင့် ကင်းလွတ်ပြီး သူ့ဘာသာ သီးခြားမှန်ကန်နေသော အမှန်တရားဖြစ်သည်။ Objective Truth ဖြစ်သည်။ အနုမြူဗုံးပေါက်ကွဲရင် လူပေါင်းများစွာ




သေနိုင်တယ်ဟု ပြောသောသူကို အနုမြူဗုံးအသုံးပြုပြီး လူသတ်ချင်စိတ်ပေါက်နေသောသူဟု စွပ်စွဲလျှင် မမှန်သလို၊ အာဏာဟာ သေနတ်ပြောင်းက ထွက်တယ်ဟု ပြောသောသူကို မော်စီတုန်းဟာ အာဏာရှင်မို့ ပြည်သူကို သေနတ်နှင့် ဖိနှိပ်ချင်လို့ ပြောတာပဲဟု ကောက်ချက်ချခြင်းမှာလည်း မမှန်ကန်နိုင်ပါ။

တကယ်တော့ အာဏာဟာ သေနတ်ပြောင်းက ထွက်တယ်ဆိုသော စကားသည် အာဏာရှင်တို့၏ စကားဟု ထင်မှတ်ကောက်ယူနေကြသူများသည် မော်စီတုန်း၏ စာပေများကို မဖတ်ဖူးဘဲ ပြောနေကြခြင်းဖြစ်ကြောင်း အလွန်ပင် ထင်ရှားပါသည်။ မော်စီတုန်း၏ စာပေများကို ဖတ်ရှုဖူးလျှင် မော်စီတုန်းသည် ပြည်သူလူထုကို ဘယ်လောက်အားထား ယုံကြည်ကြောင်း ထင်ရှားစွာ သိမြင်နိုင်ပါသည်။ ပြည်သူလူထုကို စည်းရုံးပြီး တော်လှန်ရေး ဆင်နွှဲရန် ခရီးရှည်ချီတက်ပွဲကြီးကို ဘယ်လိုစီစဉ် အကောင်အထည်ဖော်ခဲ့ကြောင်း သိနိုင်ပါသည်။ မော်စီတုန်း၏ ပြောက်ကျားစစ်သဘောတရားများကို ဖတ်ဖူးလျှင် မော်စီတုန်းသည် ပြောက်ကျားစစ် သေနင်္ဂဗျူဟာများကို ပြည်သူကို အခြေခံရေးသားခဲ့ကြောင်း သိရှိနိုင်ပါသည်။ မော်စီတုန်း၏ ပြောက်ကျားစစ် သေနင်္ဂဗျူဟာများသည် ကွန်မြူနစ် ဟုတ်ဟုတ်မဟုတ်ဟုတ် စစ်နှင့်ပတ်သက်သူတိုင်း မဖြစ်မနေ လေ့လာကြရသော စစ်ရေးသိပ္ပံကျမ်းတွေ ဖြစ်သည်ကို စစ်ပညာ လေ့လာသူတိုင်း၊ နိုင်ငံရေး လေ့လာသူတိုင်း သိရှိကြပါသည်။ ထိုစစ်ရေးသိပ္ပံကျမ်းတို့သည် စစ်တိုက်မည့်သူများအတွက်သာ အသုံးဝင်သည် မဟုတ်ဘဲ သေနင်္ဂဗျူဟာ ချမှတ်ဆောင်ရွက်ရသော ကိစ္စတိုင်းအတွက် အသုံးဝင်သောကျမ်းများ ဖြစ်သည်။ အထူးသဖြင့် ပြိုင်ဘက်နှင့်၊ ရန်သူနှင့် သူနိုင်ကိုယ်နိုင် အပြိုင်ကြရမည့် ကိစ္စများတွင် သေနင်္ဂဗျူဟာပိုင်းကို လေ့လာလိုသူတိုင်းအတွက် မဖြစ်မနေ လေ့လာအပ်သော ဘာသာရပ်များပင် ဖြစ်သည်။ သမိုင်းကို မလေ့လာလျှင် အ တတ်ပါသည်။ နိုင်ငံရေးသဘောတရားများကို မလေ့လာလျှင်၊ စာမဖတ်လျှင်လည်း တုံးတတ်ပါသည်။ နိုင်ငံရေးအကြောင်း ပြောလိုလျှင်၊ နိုင်ငံရေးမှာ ဝင်ရောက်ပတ်သက်လိုလျှင် နိုင်ငံရေးသဘောတရား စာပေများကို ဖတ်ရှုလေ့လာဖို့ လိုအပ်ပါသည်။ အာဏာဟာ သေနတ်ပြောင်းက ထွက်တယ်ဆိုသောစကားကို ဝေဖန်လိုလျှင် သင်သည် အနိမ့်ဆုံး အဆင့် အနေဖြင့် မော်စီတုန်းရေးသားသော စစ်နှင့်သေနင်္ဂဗျူဟာပြဿနာ စာတမ်းကို ဖတ်ဖူးရပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အာဏာဟာ သေနတ်ပြောင်းက ထွက်တယ်ဆိုသော စကားကို မော်စီတုန်းက ထိုစာတမ်းတွင် ထည့်သွင်း ရေးသားခဲ့သောကြောင့် ဖြစ်ပါသည်။

ထိုစာတမ်းတွင် မော်စီတုန်း ရေးခဲ့သည်မှာ “နိုင်ငံရေးအာဏာဟာ သေနတ်ပြောင်းထဲက ထွက်လာတာ ဖြစ်တယ်ဆိုတဲ့ အမှန်တရားကို ကွန်မြူနစ်ပါတီဝင်တိုင်း နားလည်ထားရမယ်” ဟု ရေးခဲ့ခြင်း ဖြစ်သည်။ ပါတီဝင်တွေကို ဦးဆောင်ညွှန်ပြသင်ကြားပေးခြင်း ဖြစ်သည်။ သို့သော် ထိုဆောင်းပါးထဲမှာပင် “ကွန်မြူနစ်ပါတီဝင်များဟာ ပုဂ္ဂလိက (အကျိုး) အတွက် စစ်အာဏာ မလုရ။ ဘယ်နည်းနဲ့မှ မလုရ။ ကျန်းကိုထောင်ကို ဘယ်တော့မှ အတုမယူရ။ ဒါပေမဲ့ ပါတီအတွက်နဲ့ ပြည်သူတို့အတွက် စစ်အာဏာလုရမယ်” ဟု အတိအလင်း ရေးသားခဲ့ပါသည်။ အင်္ဂလိပ်ဘာသာပြန်မှာ They must fight for military power for the people ဟု အတိအလင်း ရေးထားပါသည်။ ထိုစာသားကိုကြည့်လျှင် ဥက္ကဋ္ဌမော်သည် အာဏာသည် သေနတ်ပြောင်းက ထွက်သည်ဆိုသည့် အရှိတရားကို ထောက်ပြခဲ့ပြီး ပြည်သူတွေအတွက် သေနတ်ပြောင်းကို လုယူရန်လိုကြောင်း

ညွှန်ကြားခဲ့သည်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်ပါသည်။

အာဏာဟာ သေနတ် ပြောင်းက ထွက်တယ်ဟု သူပြောခြင်းသည် အာဏာကို တကယ်ပိုင်ဆိုင်ထိန်းချုပ်သူမှာ သေနတ်ကိုင်ထားသူသာ ဖြစ်သင့်သည်ဟူသော အဓိပ္ပာယ် မဟုတ်ပါ။ မဟုတ်ရုံသာမက အာဏာကို ပြည်သူက ပိုင်ဆိုင်ထိန်းချုပ်နိုင်ရန် အလုပ်သမား၊ လယ်သမားလူတန်းစားက ပိုင်ဆိုင်ထိန်းချုပ်နိုင်ရန် ဥက္ကဋ္ဌမော်သည် သူ့ဘဝတလျှောက်လုံး မြှုပ်နှံအလုပ်လုပ်သွားသူ ဖြစ်သည်။ သူ့လက်ရွေးစင်ကျမ်းများကို ဖတ်ကြည့်လျှင် ပြည်သူ့အာဏာအတွက် အလေးအနက်ထားပြီး တောက်လျှောက်စူးစိုက်ရေးသားခဲ့ကြောင်း တွေ့နိုင်ပါသည်။ သူ၏ နာမည်ကျော် ဒီမိုကရေစီသစ်ကျမ်းကို ဖတ်ကြည့်လျှင်လည်း သူ့သဘောကို နားလည်နိုင်ပါသည်။ အာဏာဟာ သေနတ်ပြောင်းက ထွက်တယ်ဆိုသည်မှာ အာဏာကို သေနတ်ပြောင်းထဲမှ ထုတ်လုပ်သည် (produce လုပ်သည်) ဟုသာ ဆိုချင်တာ ဖြစ်ပါသည်။ အင်္ဂလိပ်လိုဘာသာပြန်မှုမှာ Political power grows out of the barrel of a gun. ဟု ရေးထားသည်။ အင်္ဂလိပ်ဘာသာပြန်မှုကို www.marxists.org တွင် ကြည့်နိုင်သည်။ (Selected Works, Volume II ထဲကProblems of War and Strategy)

ဗမာဘာသာပြန်ကိုတော့ www.marxistburma.weebly.com တွင် ဖတ်နိုင်သည်။ (အတွဲ ၂ ပထမအုပ်ထဲက စစ်နဲ့သေနင်္ဂဗျူဟာ ပြဿနာများ စာတမ်း)။

အာဏာဟာ သေနတ်ပြောင်းက ထွက်တယ်ဆိုသော စကားကို မကြိုက်နှစ်သက်သူတွေကို မေးချင်ပါသည်။ အာဏာသည် သေနတ်ပြောင်းက မထွက်လျှင် ဘယ်ကများ ထွက်ပါသနည်း။ ဤဆောင်းပါးကို ခဏရပ်ပြီး သင်ကိုယ်တိုင် စဉ်းစားကြည့်ပါ။ ယနေ့ ကမ္ဘာပေါ်တွင် တည်ရှိနေသော နိုင်ငံရေးအာဏာတို့တွင် နောက်မှ သေနတ်နှင့် စစ်တပ်နှင့် ကျောထောက်နောက်ခံ ပြုပေးမထားသောအာဏာ ဘယ်မှာရှိပါသနည်း။ ဂျပန်တွင် အမြဲတမ်းစစ်တပ် မရှိဘဲ အကြာကြီးရပ်တည်ခဲ့သည်ဟု သင်က ဆိုချင်ဆိုပေလိမ့်မည်။ ဂျပန်တွင် နိုင်ငံရေးအာဏာကို ပြည်သူတို့အပေါ် ကျင့်သုံးနိုင်ရန် လက်နက်ကိုင်ရဲတပ်ဖွဲ့ ရှိသည်။ ဂျပန်၏ နိုင်ငံရေးအာဏာ တည်မြဲအောင် ကျောထောက်နောက်ခံ ပြုပေးထားသော တကယ့်သေနတ်ပြောင်းမှာ အမေရိကန် သေနတ်ပြောင်း ဖြစ်သည်။ အမေရိကန်စစ်တပ်က ဂျပန်ကို နှစ်ပေါင်းများစွာ ချုပ်ချယ်ထားသလို၊ တခြားပြိုင်ဘက် နိုင်ငံရေး အာဏာတို့၏ အန္တရာယ်မှလည်း ကာကွယ်ထားသည်။ ယနေ့ကမ္ဘာပေါ်တွင်လည်းကောင်း၊ ပြီးခဲ့သော အတိတ်ကာလ ကမ္ဘာတွင်လည်းကောင်း စစ်တပ်ဖြင့်၊ သေနတ်ဖြင့် ကျောထောက်နောက်ခံ ပြုမထားသော အာဏာဟူ၍ကား တခါမျှ မရှိခဲ့ဖူးချေ။ စကားကတ်သတ်ပြောလိုပါမူ အာဏာသည် သေနတ်ပြောင်းက ထွက်လာသည် မဟုတ်ဘဲ ဓားက စီးလာသော အချိန်မျိုး ရှိခဲ့ဖူးပါသည်ဟု ဆိုလျှင်မူကား မှန်သည်ဟု ဆိုရပါမည်။ အနော်ရထာတို့၊ ကူဗလိုင်ခန်၊ ဂျင်ဂစ်ခန်တို့၏ အာဏာသည် ဓားနှင့်မြားတို့ကနေ စီးထွက်လာခြင်း ဖြစ်သည်။ သို့သော် သဘောတရားမှာ အတူတူသာ ဖြစ်သည်။ စစ်တပ်နှင့် လက်နက်နှင့် ကျောထောက်နောက်ခံ ပြုမထားသော အာဏာဟူ၍ကား မပေါ်ဖူးသေးပါချေ။

ဇင်းအပြင် နိုင်ငံရေးအာဏာ မရှိဘဲ၊ သို့မဟုတ် နိုင်ငံရေးအာဏာ၏ ထောက်ခံချက်မရဘဲ ကျွန်တော်တို့ ဘာမျှထိထိရောက်ရောက် လွတ်လွတ်လပ်လပ် လုပ်၍မရနိုင်ပါ။ ကုန်ကုန်ပြောရလျှင် နိုင်ငံရေးအာဏာက သဘောမတူပါက ကျွန်တော်တို့သည် အခမဲ့



ပရဟိတ ဆေးခန်းတခန်းကိုမျှ လွတ်လွတ်လပ်လပ် တည်ထောင်၍ မရကြောင်းကို ဗမာပြည်၏ လက်တွေ့အခြေအနေများက သင်ခန်းစာပေး သင်ပြခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံရေးအာဏာရှိလျှင် ပညာရေးကိုလည်း ဆောင်ရွက်နိုင်သည်။ ကျန်းမာရေးကိုလည်း ဆောင်ရွက်နိုင်သည်။ ယဉ်ကျေးမှုကိုလည်း တည်ဆောက်နိုင်သည်။ စီးပွားရေးကိုလည်း တည်ဆောက်နိုင်ပါသည်။ ထို့အပြင် နိုင်ငံရေးအာဏာကို အလွဲသုံးစားပြုပြီး သားစဉ်မြေးဆက် ချမ်းသာကြွယ်ဝရေးကိုပင် စစ်အာဏာရှင်တို့ လုပ်နေကြသည်ကို ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်နေရပါသည်။ နိုင်ငံရေးအာဏာကို အလွဲသုံးစားပြုပြီး စစ်အာဏာရှင်တို့ကို အထောက်အကူပြုမည့် သေဖော်သေဘက် စီးပွားရေးအခွင့်ထူးခံများ မွေးထုတ်ပေးပြီး အုပ်စုဂိုဏ်းဂဏ ဖွဲ့နေသည်ကိုလည်း တွေ့မြင်ရပါသေးသည်။

ဉက္ကဋ္ဌမော်က သူ့စာတမ်းထဲတွင် “ကျွန်တော်တို့ရဲ့မူဟာ ပါတီက သေနတ်ကို ဦးစီးဖို့ ဖြစ်တယ်။ သေနတ်က ပါတီကို ဦးစီးတာမျိုးကိုတော့ ဘယ်တော့မှ ခွင့်မပြုနိုင်ဘူး” ဟု ရေးသားခဲ့ပါသည်။ “ဒါပေမဲ့ သေနတ်ရှိရင် ကေဒါတွေ၊ ကျောင်းတွေ၊ ယဉ်ကျေးမှုတွေ၊ လူထုလှုပ်ရှားမှုတွေကို ဖန်တီးနိုင်သေးတယ်” ဟုလည်း သူတို့၏ ယင်အန်းအတွေ့အကြုံကို ထောက်ပြပြောဆိုခဲ့ပါသည်။ “မာ့က်စ်ဝါဒ နိုင်ငံတော်သဘောတရားအမြင်နဲ့ ကြည့်မယ်ဆိုရင် စစ်တပ်ဟာ နိုင်ငံတော်အာဏာထဲက အဓိကအစိတ်အပိုင်း ဖြစ်တယ်”ဟုလည်း ရေးသားခဲ့ပါသည်။

စစ်ဘုရင်တွေဟာ စစ်တပ်ရှိမှ အာဏာရှိမယ်ဆိုတဲ့မူကို ကောင်းကောင်းနားလည်ထားကြတယ်ဟုလည်း ထောက်ပြပါသည်။ ကျွန်တော်တို့နိုင်ငံတွင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဟု စစ်အာဏာရှင်တို့က ကြွေးကြော်လှုံ့ဆော်နေခြင်းသည်လည်း အာဏာ၏သဘောကို စစ်အာဏာရှင်တို့က ကောင်းကောင်းနားလည်ထားသောကြောင့် ဖြစ်သည်။ စင်စစ် သူတို့အာဏာတည်မြဲဖို့ ဖြစ်သည်။ တကယ့်အတွင်းသဘောအနှစ်သာရမှာ တပ်မတော်အင်အားရှိမှ စစ်အာဏာရှင်တွေ အင်အားရှိမည်ဟု ဆိုလိုခြင်းသာ ဖြစ်သည်။

ကျွန်တော်တို့ ဒီမိုကရေစီသမား အများစုမှာမူ အာဏာ၏ သဘောသဘာဝကို နားမလည်ကြ။ အာဏာဟူသည် သေနတ်ပြောင်းက ထွက်သည်ဟူသော အခြေခံသိပ္ပံနည်းကျ အတွေးအခေါ်ကို သဘောမပေါက်ကြ။ သဘောမပေါက်ရုံသာမက ရွံစရာ၊ မုန်းစရာ၊ ကြောက်စရာစကားဟုပင် ထင်သူက ထင်ကြသည်။ တချို့ဒီမိုကရေစီသမားတို့က အာဏာရှင်တို့ကို စည်းရုံးသိမ်းသွင်းပြောဆိုလျှင် နားလည်လာလိမ့်မည်ဟု စိတ်ကူးယဉ်ကြသည်။ အာဏာရှင်တို့လည်း တိုင်းပြည်ကို ချစ်ကြသည်။ သူတို့ နားမလည်သဘောမပေါက်လို့သာ မိုက်နေကြသည်ဟု ထင်နေကြသည်။ မိမိတို့ အသိဉာဏ်နန့်နဲ့သည်ကို မိမိဘာသာ မရိပ်စားမိဘဲ အာဏာရှင်တွေကို ပညာပေးမှ ဖြစ်မည်ဟု စိတ်ကြီးဝင်သူက ဝင်ကြသည်။ ကျောင်းသားတပ်မတော်ကိုဖျက်ပြီး စစ်ဗိုလ်ကြီးများကို ယဉ်ပါးလာအောင် လိမ္မာလာအောင် တရားရေအေး တိုက်ကျွေးဖို့ ကြိုးစားကြရန် တိုက်တွန်းသူက တိုက်တွန်းခဲ့ကြသည်။ ဤသို့သော အတွေးအခေါ်မှားများ၊ အာဏာ၏သဘောတရားကို နားမလည်သော အတွေ့အကြုံ နုနယ်မှုများကြောင့် ဒီမိုကရေစီအရေးတော်ပုံကြီးမှာ ကြာသင့်သည်ထက် ကြာခဲ့ရပါသည်။

တကယ်တော့ ကျွန်တော်တို့အနေနှင့် ပြည်သူ့အာဏာခေတ်ကို တည်ထောင်နိုင်ဖို့ဆိုလျှင် ပြည်သူ့အာဏာကို ကျောထောက်နောက်ခံ ပြုပေးမည့် သေနတ်ရှိဖို့ မဖြစ်မနေ လိုအပ်ပါသည်။ အာဏာဟူသည် ရှေးခေတ်ကရော ယခုခေတ်တွင်ပါ သေနတ်ပြောင်းကသာ ထွက်ပါသည်။ တခြား ဘယ်ကမျှ မထွက်ပါ။ ထိုအချက်ကို နားမလည်သေးသမျှမှာ လွတ်မြောက်ရေးနှင့် ဝေးနေဦးမည်သာ ဖြစ်ပါသည်။

# အရင်းရှင်ခေတ်နှောင်းပိုင်း



နိုင်ငံနှစ်ခု ရှိပါတယ်။ အဲဒီနိုင်ငံနှစ်ခုထဲက နိုင်ငံသားတွေဟာ တဦးနဲ့တဦး အပြန်အလှန်ဆက်ဆံမှုလည်း မရှိ။ လိုလားမှုလည်း မရှိသလို တစ်ဦးရဲ့ အလေ့အကျင့်၊ အတွေးအယူ၊ ခံစားမှုတွေကို တခြားတစ်ဦးက လစ်လျူရှုကြပါတယ်။ သူတို့တွေဟာ ကွဲပြားတဲ့ဒေသ၊ ပြောရရင် မတူညီတဲ့ ကမ္ဘာတွေမှာ နေထိုင်နေကြသလိုပါပဲ။ သူတို့ဟာ ကွဲပြားတဲ့ နည်းတွေနဲ့ ကျွေးမွေးပြုစုမှုကို ခံခဲ့ကြရပြီး ကွဲပြားတဲ့နည်းတွေနဲ့ စားသောက်ကြတဲ့အပြင် ကွဲပြားတဲ့ပြုမူဆက်ဆံမှုကို ခံကြရပါတယ်။ တူညီတဲ့ ဥပဒေတွေရှိတာတောင် သူတို့ဟာ ခွဲခြားအုပ်ချုပ်ခံကြရပါတယ်။ ဒီနိုင်ငံနှစ်ခုကတော့ ချမ်းသာခြင်းနဲ့ ဆင်းရဲခြင်းပါပဲ။

ဒီစကားတွေကို ဗြိတိန်စာရေးဆရာ (နောင်ဝန်ကြီးချုပ် ဖြစ်လာတဲ့) ဘင်ဂျမင် ဒစ္စရေလီက (Disraeli ၁၈၀၄ – ၁၈၈၁) ၁၈၄၅ ခုနှစ်က အင်္ဂလန်ကို ပုံဖော်တဲ့နေရာမှာ သုံးခဲ့ပါတယ်။ ပါမောက္ခ နီးလ်ဖာဂူဆန်ကတော့ အဲဒီစကားတွေဟာ ၂၀၁၂ အမေရိကန်ကို ပုံဖော်ဖို့ ကောင်းကောင်း အသုံးဝင်နေပါသေးတယ်လို့ ဆိုပါတယ်။ အမှန်တော့ ဒီစကားတွေဟာ ခေတ်တိုင်းအတွက် မှန်ကန်နေတဲ့ စကားတွေပါ။ လွန်ခဲ့တဲ့ နှစ်ခြောက်ထောင် လူ့ယဉ်ကျေးမှု စတင်တဲ့အချိန်ကစပြီး လူ့အဖွဲ့အစည်းတိုင်းမှာ အဲဒီလိုပဲ နိုင်ငံနှစ်ခု ကွဲပြားလာခဲ့တာပါ။ ကျွန်ပိုင်ရှင်ခေတ်မှာ ကျွန်ပိုင်ရှင်နိုင်ငံနဲ့ ကျွန်တွေရဲ့နိုင်ငံဆိုပြီး ကွဲပြားပါတယ်။ မြေရှင် ပဒေသရာဇ်ခေတ်မှာလည်း မြေရှင်ပဒေသရာဇ်ကမ္ဘာနဲ့ မြေကျွန် ဆင်းရဲသား တွေရဲ့ ကမ္ဘာဆိုပြီး ကွဲပြား ပါတယ်။

အခု လက်ရှိအရင်းရှင် စီးပွား ရေးစနစ်ကျင့်သုံးနေတဲ့ အရင်းရှင်ခေတ် မှာလည်း ကွဲပြားမြဲ ကွဲပြားနေပါတယ်။ ဘင်ဂျမင် ဒစ္စရေလီ သရုပ်ဖော်တာဟာ အရင်းရှင်ခေတ်ဦးဖြစ်ပြီး ဖာဂူဆန်က အရင်းရှင်ခေတ်နှောင်းနဲ့ ညီမျှခြင်း ဆွဲလိုက်တာဖြစ်ပါတယ်။ အရင်းရှင် ခေတ်ဦးပဲဖြစ်ဖြစ် ခေတ်နှောင်းပဲဖြစ်ဖြစ် လူတန်းစား ကွာခြားမှုကတော့ ရှိနေမှာ အမှန်ပါပဲ။ ခေတ်ဦးနဲ့ ခေတ်နှောင်း ဘာ ကွာသလဲဆိုတော့ ခုခေတ် ဆင်းရဲ ချမ်းသာ ကွာခြားမှု အချိုးက ခေတ်ဦး တုန်းက ဆင်းရဲချမ်းသာ ကွာခြားမှု အချိုးထက် ပိုကြီးလာတာသာ ရှိပါ တယ်။

အခု အောက်ခြေအမေရိကန်မိသားစုတွေရဲ့ ဝင်ငွေတွေ ကျဆင်းတဲ့အချိန်မှာပဲ ချမ်းသာတဲ့ အမေရိကန်တွေရဲ့ ဝင်ငွေကတော့ ဂဏန်းနှစ်လုံးနှုန်းနဲ့ကို တိုးတက်နေခဲ့ပါတယ်။ အဲဒီလို ထိပ်တန်းအချမ်းသာဆုံး အမေရိကန်တွေကို စာရေးဆရာ ချားလ်မေ်ရေးက မဟာပုတ်ကြီးများ (SuperZips) တွေလို့ သမုတ်ပါတယ်။ မဟာပုတ်ကြီးတွေဟာ သူတို့ရဲ့ပုတ်ထဲက ဘယ်တော့မှ အပြင်မထွက်ပါဘူး။ တခြားကမ္ဘာနဲ့ ဘယ်တော့မှ အဆက်အသွယ် မလုပ်ကြပါဘူး။ သူတို့ရဲ့ သားသမီးတွေဟာ



အကောင်းစား ကျောင်းတွေမှာ အတူတူစာသင်ကြတယ်။ အချင်းချင်း လက်ထပ်ကြတယ်။ အလုပ် အတူတူ လုပ်ကြပြီး ပုတ်အချင်းချင်းပဲ အိမ်နီးချင်း လုပ်ကြတယ်တဲ့။ သူတို့ရဲ့ကမ္ဘာဟာ အနည်းဆုံး ဘွဲ့တစ်ခုတော့ရှိတဲ့ ကမ္ဘာပါ။ ဥပမာ ဘဲလ်မွန့်လို နေရာမျိုးပေ့ါ။ သူတို့နဲ့ ဆန့်ကျင်စွာပဲ ဆင်းရဲသား ရပ်ကွက်တွေကတော့ ဘွဲ့တစ်ခုတောင် မရှိတဲ့ လူ့အဖွဲ့အစည်းတွေပါပဲ။ ဥပမာ ဖစ်ရှ်တောင်းလို နေရာမျိုးပေ့ါ။ ဒါပေမဲ့ အဲဒီလူတန်းစားနှစ်ရပ်လုံးမှာ တူညီချက်တစ်ခုတော့ ရှိပါတယ်။ အဲဒါကတော့ အိမ်ထောင်ပြုတဲ့နှုန်း ကျဆင်းလာတာနဲ့ အိမ်ထောင်မဲ့မိခင်တွေ များပြားလာတာပါပဲ။ အမှန်တော့ ဒါတွေဟာ အရင်းရှင်ယဉ်ကျေးမှုရဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေပါပဲ။ အရင်းရှင်စီးပွားရေးစနစ် ကျင့်သုံးနေတဲ့ လူ့အဖွဲ့အစည်းမှာ အရင်းရှင်လူမှုရေးစနစ်နဲ့ အရင်းရှင်ယဉ်ကျေးမှု ထွန်းကားတာ မထူးဆန်းပါဘူး။ ဒီအရင်းရှင် ယဉ်ကျေးမှုဆိုတာဟာလည်း အရင်းရှင်စီးပွားရေး ပြိုလဲသွားတဲ့အခါ အရင်းလဲ၊ အဖျားထင်းဖြစ်ဆိုသလိုပဲ အရင်းရှင်ယဉ်ကျေးမှု၊ အရင်းရှင်လူမှုစနစ်၊ အရင်းရှင်အတွေးအမြင်တွေပါ အားလုံးပျက်စီးသွားပါလိမ့်မယ်။ အရင်းရှင်စနစ်နေရာမှာ အစားထိုးဝင်ရောက်လာတဲ့ စီးပွားရေး အဆောက်အအုံအပေါ် မှီခိုနေတဲ့ လူမှုစနစ်၊ ယဉ်ကျေးမှုစနစ်၊ အတွေးအမြင်တွေ ပေါ်ပေါက်လာပါလိမ့်မယ်။

အရင်းရှင်စီးပွားရေး စနစ်ဟာ ဥရောပအလယ်ခေတ်ကုန်စမှာ စတင်သန္ဓေတည်ခဲ့ပြီး အိန္ဒိယသွားတဲ့ ရေကြောင်းလမ်းကို ရှာဖွေတွေ့ရှိပြီးတဲ့ နောက်ပိုင်းမှာ ကြီးထွားလာခဲ့ပါတယ်။ ဆယ့်ကိုးရာစု စက်မှုတော်လှန်ရေးက အရင်းရှင်စနစ်ကို ချိုတပ်ပေးလိုက်သလို ဖြစ်ခဲ့ပြီး နှစ်ဆယ်ရာစု နည်းပညာ ပေါက်ကွဲမှုက အရင်းရှင်စနစ်ကို အမြင့်ဆုံး အဆင့်ရောက်အောင် တွန်းပို့ခဲ့ပါတယ်။ ဒါပေမဲ့ အခု ၂၀၀၈ စီးပွားရပ်တန့်မှု (Recession) က အရင်းရှင်စနစ်ကို အရှိန်ပြန်သတ်ပေးလိုက်ပါပြီ။

ဒီအချက်ကိုတော့ နီယိုကွန်တွေက လက်မခံပါဘူး။ ဒါဟာ အရင်းရှင်စီးပွားရေးသံသရာရဲ့ ဖြစ်မြဲဓမ္မတာဆိုပြီး ကျားကျားမီးယပ် လုပ်ချင်ကြပါတယ်။ လက်ခံတဲ့သူတွေကလည်း လူ့သမိုင်းရဲ့ စီးပွားရေးလိုအပ်ချက်အရလို့ နားမလည်ဘဲ သူတို့စီးပွားရေး အကျပ်မှာ လက်ဝဲသမားတွေ ဝင်ရှုပ်တာလို့ ယူဆပြီး မဏ္ဍာသီဝါဒကို ပြန်အသက်သွင်းချင်ကြတယ်။

သမိုင်းဖြစ်စဉ်တခုဟာ လူပုဂ္ဂိုလ်တဦး၊ လူတစုတဖွဲ့ရဲ့ သဘောထားအပေါ် မူမတည်ဘဲ သူ့နိယာမအတိုင်း သူ့သဘောသူဆောင်ပြီး ဖြစ်ပေါ်ပါတယ်။ စီးပွားရေးစနစ် အခြေခံပေါ်မူတည်ပြီး လူ့သမိုင်းဟာ ပြောင်းလဲပါတယ်။ စီးပွားရေးစနစ် ဟာလည်း ကုန်လုပ်ကိရိယာလို့ခေါ်တဲ့ ကုန်ထုတ်လုပ်မှုပုံသဏ္ဍာန် အပြောင်း အလဲပေါ်မူတည်ပါတယ်။ အရင်းရှင် စနစ်ဟာ ပဒေသရာဇ်စနစ် အားကောင်း နေတဲ့ ကာလမှာ စတင်ပေါ်ပေါက်ပြီး ပဒေသရာဇ်စနစ်အတွင်းမှာပဲ ကြီး ထွားတိုးတက်လာတာပါ။ မြေရှင်စီးပွားရေးစနစ်နေရာမှာ အရင်းရှင်စီးပွားရေးစနစ်က အစားထိုးဝင်ရောက်လာပြီး မှသာ မြေရှင်တွေရဲ့ ပဒေသရာဇ်၊ ဧကရာဇ်အုပ်ချုပ်ရေးနေရာမှာ အရင်းရှင်ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်က အစားထိုးလာတာပါ။ အရင်းရှင်စီးပွားရေး ကြီးထွားလာတာနဲ့အမျှ မြေရှင်စီးပွားရေးစနစ်ဟာလည်း အားနည်းလာခဲ့ပါတယ်။ အခုလည်း အရင်းရှင်စီးပွားရေးစနစ်နေရာမှာ အစားထိုးမယ့် စီးပွားရေးစနစ်တွေ အစပျိုး လာပါပြီ။ အရင်းရှင်စီးပွားရေးစနစ် ဟာလည်း အဘက်ဘက်က ယိုယွင်းလာပါပြီ။

၂၀၀၈ မှာ ဖြစ်ခဲ့တဲ့ စီးပွားရပ်တန့်နှောင့်နှေးမှု (Recession) ဟာ အရင်းရှင်စနစ်ကို အခြေကကိုင်လှုပ်လိုက်တာပါပဲ။ စီးပွားရေး အတက်အကျသံသရာဆိုတာ အရင်းရှင်စနစ်ရဲ့ ဖွားဖက်တော်ဖြစ်တာကြောင့် အခုလည်း ဒီရီဆက်ရှင်ကို ကျော်လွှားနိုင်လိမ့်မယ်လို့ အများစုက ယုံကြည်ကြပါတယ်။ မှန်ပါတယ်။ ကျော်လွှားနိုင်မှာပါ။ ဒါပေမဲ့ ပေးဆပ်ရမယ့် တန်ဖိုးကတော့ ကြီးမားလှပါတယ်။ ၁၉၂၉ ခုနှစ် စီးပွားပျက်ကပ် (Great Depression) ဟာ ဒုတိယကမ္ဘာစစ်ကို ဦးတည်သွားစေပါတယ်။ အရင်းရှင်စနစ်ဟာ စီးပွားရေးအကျပ်အတည်းကြုံတဲ့အခါ စစ်နဲ့ဖြေရှင်းတတ်ပါတယ်။ အထွေထွေသီအိုရီရဲ့ မွေးသဖခင် ဂျွန်မေးနပ်ကိန်း ကိုယ်တိုင်က **‘မတော့်တကောင်းလို့သာ၊ စီးပွားရေးကျဆင်းတဲ့အခါ စစ်ပွဲတွေ ရှိနေမယ်ဆိုရင် ခပ်မြန်မြန် စီးပွားရေးကို ဆွဲတင်နိုင်မယ်’** လို့ ပြောခဲ့ဖူးပါတယ်။ ဘာကြောင့်လဲဆိုတော့ အရင်းရှင်စနစ်ဆိုတာ ဈေး

ကွက်အပေါ်မှီခိုထားရတာပါ။ စီးပွားပျက်တယ်၊ စီးပွားကျတယ်ဆိုတာ ဈေးကွက်မှာ အရောင်းအဝယ်တွေ ကျဆင်းသွားတာပါပဲ။ အရောင်းအဝယ်ကျတော့ လူတွေလက်ထဲ ငွေမရောက်တော့ဘဲ အဲဒါကတဖန် ဈေးကွက်ကို ထပ်ပြီးပျက်စေပြန်ပါတယ်။ ဒီလိုနဲ့ အဆိုးကျော့သံသရာ ဝင်လာပါတော့တယ်။ ဒီလိုအခါမျိုးမှာ စစ်ဖြစ်မယ်ဆိုရင် စစ်သုံးပစ္စည်းတွေ ထုတ်လုပ်ရပါမယ်။ စစ်သုံးပစ္စည်းတွေဟာ တခြားလူသုံးကုန်တွေလို အကြာကြီးသုံးနေရတာ မဟုတ်ပါဘူး။ ခဏလေးနဲ့ ကုန်သွားတဲ့အတွက် စစ်ပစ္စည်းစက်ရုံတွေဟာ အမြဲပဲ လည်ပတ်နေရပါတယ်။ ဒီအတွက် ကုန်ကြမ်းပစ္စည်း ထုတ်လုပ်တဲ့ စက်ရုံတွေဟာလည်း အမြဲလည်ပတ်နေရပြန်ပါတယ်။ ဒီတော့ အဲဒီစက်ရုံတွေမှာ ရှိနေတဲ့ အလုပ်သမားတွေဟာ အလုပ်တည်မြဲနေပြီး ပုံမှန်ဝင်ငွေ ရရှိနေပါတယ်။ ဒီဝင်ငွေကို ပြန်ပြီးသုံးစွဲတဲ့အတွက် တခြားလူသုံးကုန်ပစ္စည်း ထုတ်လုပ်တဲ့အလုပ်တွေမှာ ဝယ်လိုအားတိုးလာစေပါတယ်။ အဲဒီလိုနဲ့ အလုပ်သမားတွေကို အလုပ်လက်မဲ့ အခြေအနေက လွတ်မြောက်စေပြီး တိုင်းပြည်ရဲ့ စုစုပေါင်းဝင်ငွေလည်း တိုးလာပါတယ်။ ဒီတော့ စီးပွားပျက်ကပ် (ဒါမှမဟုတ်) စီးပွားကျဆင်းမှုက လွတ်မြောက်စေပါတယ်။ ဒါကြောင့် ကိန်းက အပေါ်မှာ ပြောခဲ့တဲ့စကားကို ပြောခဲ့တာပါ။

၂၀၀၈ ရီဆက်ရှင်ကိုတော့ စစ်နဲ့မဖြေရှင်းပါဘူး။ ရီဆက်ရှင် စစချင်းပဲ အငြိမ်းစားယူတော့မယ့် အမေရိကန်သမ္မတဘုရှ်က သမ္မလောင်းနှစ်ယောက်ဖြစ်တဲ့ မက်ကိန်းနဲ့အိုဘားမားတို့ကို ခေါ်ပြီး ရီဆက်ရှင်ကို ကုစားမယ့် သူ့အစီအစဉ်ကို တိုင်ပင်ပါတယ်။ သူ့အစီအစဉ်ကတော့ ပြိုလဲနိုင်မယ့် စီးပွားရေးလုပ်ငန်းကြီးတွေ၊ ဘဏ်လုပ်ငန်းကြီးတွေကို ဝင်ကယ်ဖို့ပါပဲ။ သမ္မတလောင်းတွေကို ခေါ်ပြောတာကတော့ သူတို့နိုင်ငံရဲ့ နိုင်ငံရေးဓလေ့ကြောင့်ပါ။ အမှုတွဲတဲ့သဘောလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ တကယ်တမ်း ဘုရှ်စီစဉ်ထားတဲ့အတိုင်း အိုဘားမားက အကောင်အထည်ဖော်တော့ အဆင်မပြေပါဘူး။ လုပ်ငန်းတွေမှာ ရှိနေတဲ့ကြွေးတွေကို ဆပ်ဖို့ပေးတဲ့ငွေတွေကို ကမ္ဘဏီတွေက သူတို့စီအီးအိုတွေကို ဆုကြေးဘောနပ်တွေ ပေးပစ်ပါတယ်။ အိုဘားမားလည်း ကုမ္ပဏီတွေကို ကလော်တုတ်ရတော့တာပါပဲ။ နောက်ပိုင်းတော့ သူ့ဟာသူ နိုးဆွရေး စီမံကိန်းတွေကို အတားအဆီးတွေကြားက စီစဉ်ရတော့တယ်။

နိုးဆွရေး စီမံကိန်းဆိုတာ ကိန်းရဲ့ သဘောတရားကို အကောင်အထည်ဖော်တဲ့ သဘောပါပဲ။ အမှန်တော့ အမေရိကန်က နောက်တောင် နောက်ကျနေပါသေးတယ်။ တရုတ်ကတော့ ဒီကိစ္စမှာ အရမ်းလျင်ပြီး အရမ်းမြန်ပါတယ်။ ၂၀၀၈ ရီဆက်ရှင်ဖြစ်တာနဲ့ သူ့နိုင်ငံတဝှမ်းမှာ အစိုးရက ငွေစိုက်ထုတ်ပြီး လုပ်ရတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ အများကြီး လုပ်လိုက်ပါတယ်။ မြန်မာပြည်မှာ ကျေးရွာချင်းဆက်လမ်းတွေ လုပ်သလိုပဲ တရုတ်တနိုင်ငံလုံး ကွန်ရက်ဖြန့်တဲ့လမ်းတွေ ဖောက်လုပ်ပါတယ်။ လေယာဉ်ကွင်းတွေလည်း ရာဂဏန်းနီးနီးကို ဖောက်လုပ်ပါတယ်။ ဒီလိုလုပ်တော့ တရုတ်တနိုင်ငံလုံးက အလုပ်သမား သန်းပေါင်းများစွာ အလုပ်ရသွားပါတယ်။ ဒီတော့ အစုစုဝင်ငွေတိုးလာပြီး ဝယ်လိုအားလည်း လျော့မသွားတော့ပါဘူး။ ဒါကြောင့် တရုတ်ပြည်က ရီဆက်ရှင်ကို ကောင်းကောင်းကျော်လွှားနိုင်ခဲ့ပါတယ်။ ဒီကာလအတွင်းမှာပဲ ကမ္ဘာမှာ ဒုတိယစီးပွားရေးအကြီးမားဆုံးနိုင်ငံအဖြစ် စာရင်းပေါက်ခဲ့ပါတယ်။ ကြွေးလည်ပင်းနစ်နေတဲ့ ဦးလေးဆမ်ကိုလည်း အရင်ကြွေးတွေ အသာထားပြီး နောက်ထပ်တောင် ငွေချေးလိုက်နိုင်ပါသေးတယ်။ ဦးလေးဆမ်ကြီးခမျာတော့ တိုးပွားလာတဲ့ အလုပ်လက်မဲ့တွေနဲ့ နပန်းလုံးနေရပါတယ်။ သမ္မတအိုဘားမားတင်တဲ့ စီးပွားရေးစီမံကိန်းမှန်သမျှကို လိုက်ဖျက်နေတဲ့ နီယိုကွန်တွေကြောင့်လည်း ထင်တိုင်းမပေါက် ဖြစ်ရပါသေးတယ်။

ရီဆက်ရှင်ကို အမေရိကန်ခံရတာက တော်သေးတယ် ပြောရမှာပဲ။ ဥရောပသားတွေ ခံလိုက်ရတာက ပိုဆိုးတယ်။ အာရပ်ကမ္ဘာမှာ အာဏာရှင်တွေ ဒိုမီနိုဖဲချပ်တွေလို ဆက်တိုက်ပြိုလဲနေတဲ့ အချိန်မှာပဲ ဥရောပက အရင်းရှင်နိုင်ငံကြီးတွေဟာလည်း ဒိုမီနိုသီအိုရီကို လိုက်နာနေပါတယ်။ ဟိုနိုင်ငံကို ကျားကန်ရ၊ ဒီနိုင်ငံကို ကူညီရနဲ့ ဥရောပတိုက်ကြီးမှာ အရင်းရှင်စနစ်တည်မြဲအောင် ကြိုးစားနေရပါတယ်။ ဒါတောင် တနိုင်ငံပြီး တနိုင်ငံ ပြိုလဲနေပါသေးတယ်။

တဖက်မှာလည်း အမေရိကန်အစိုးရရဲ့ စီးပွားရေးအစီအမံတွေကို မကျေနပ်လို့ဆိုပြီး အမေရိက တလွှား






ဆန္ဒပြပွဲတွေ ဖြစ်လာပါတယ်။ ဒီဆန္ဒပြပွဲတွေဟာ အစိုးရကို မကျေနပ်လို့ ဆန္ဒပြရာက အရင်းရှင်စနစ်ကို မကျေနပ်လို့ပြတဲ့ ဆန္ဒပြပွဲတွေအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။ ဝေါစထရိကို သိမ်းပိုက်ကြဆိုတဲ့ ကြွေးကြော်သံနဲ့ အမေရိကန်မှာ စတင်ပြီး ငါတို့ဟာ ၉၉ ရာခိုင်နှုန်းဆိုတဲ့ ကြွေးကြော်သံနဲ့ ကမ္ဘာ့ အရင်းရှင်နိုင်ငံတွေကို ပျံ့နှံ့သွားပါတယ်။ ဒါပေမဲ့ ကမ္ဘာ့မီဒီယာလောကကို အရင်းရှင်ကြီးတွေက လွှမ်းမိုးချုပ်ကိုင်ထားတာဆိုတော့ သူတို့ကို ဆန္ဒပြတဲ့ လှုပ်ရှားမှု သတင်းတွေကို သူတို့သတင်းစာတွေမှာ ဘယ်ထည့်ပေးပါ့မလဲ။ ဒီကိစ္စကို တရုတ်ကလည်း ထုတ်ဖော်တိုက်ခိုက်လိုက်ပါသေးတယ်။

ဒီနည်းနဲ့တော့ အရင်းရှင်စနစ်ကို ဖြိုချလို့မရပါဘူး။ ဒါပေမဲ့ အရင်လို မဟုတ်ဘဲ စနစ်ကို တိုက်ရိုက်ဆန္ဒပြတာကတော့ ထူးခြားပါတယ်။ အရင်းရှင်စီးပွားရေး ပညာရှင်တွေ ကိုယ်တိုင်ကပဲ အရင်းရှင်စနစ်ကို ပြုပြင်ပြောင်းလဲဖို့ တိုက်တွန်းနေကြပါပြီ။ လူလတ်တန်းစား ခေနရှင်ပေါက်စ တချို့ကလည်း လူမှုအခြေပြုစီးပွားရေး လုပ်ငန်းတွေ လုပ်ကိုင်လာကြပါတယ်။ အဲဒီလို လုပ်ငန်းတွေ များများလုပ်ဖို့ ပညာရှင်တွေကလည်း အားပေးကြပါတယ်။ သဘောတရားတွေလည်း ထုတ်ကြပါတယ်။ သဘာဝတရားရဲ့ ကန့်သတ်ချက်ကလည်း စီးပွားရေးစနစ်ကို ပြောင်းလဲဖို့ တောင်းဆိုနေပါပြီ။ အရင်းရှင်စနစ်က အမြတ်ကို အဓိကထားတဲ့အတွက် အမြတ်များများရဖို့ ကုန်တွေများများရောင်းရဖို့ ထုတ်လုပ်ဖို့ လိုပါတယ်။ ကုန်တွေကိုလည်း လိုအပ်လို့ ဝယ်ရတဲ့ကုန်ထက် လိုချင်လို့ဝယ်ရတဲ့ ကုန်တွေကို ပိုပြီးများများ ထုတ်လုပ်ပါတယ်။ ကုန်တွေကို လိုလိုမလိုလို ဝယ်ချင်နေအောင် ကြော်ငြာတွေနဲ့ နှိုးဆွနေရပါတယ်။ လူတွေကလည်း အဲဒီထောင်ချောက်ထဲမှာ ပိတ်မိနေပြီး ကုန်တွေကို အငမ်းမရ ဝယ်လာကြပါတော့တယ်။ စားသုံးသူခေတ်၊ စားသုံးသူဝါဒဆိုပြီးတော့တောင် နာမည်တွေ ပေါ်လာရပါတယ်။ ဒီလိုကုန်တွေ များများထုတ်လုပ်ရာက သဘာဝပတ်ဝန်းကျင် ထိခိုက်လာပြီး ရာသီဥတုတွေ ပြောင်းလဲ ဖောက်ပြန်လာပါတယ်။ စွမ်းအင်နဲ့တခြားကုန်ကြမ်းတွေလည်း တဖြည်းဖြည်း ပါးလျားလာပါတယ်။ ရေနွေးငွေ့စွမ်းအင်နေရာမှာ ရေနံစွမ်းအင်နဲ့ အစားထိုးခဲ့ပါတယ်။ ရေနံစွမ်းအင်နေရာမှာ အဏုမြူစွမ်းအင်နဲ့ အစားထိုးပြန်ပါတယ်။ ဒါပေမဲ့ အဏုမြူစွမ်းအင်ဟာ ကနဦးကုန်ကျစရိတ် များတာရယ်၊ လက်နက်ထုတ်နိုင်ချေကြောင့် နိုင်ငံတကာကလည်း ထိန်းချုပ်ထားတာရယ်ကြောင့် နိုင်ငံတိုင်း မသုံးနိုင်ပါဘူး။ ဂျပန်ဆူနာမီကလည်း အဏုမြူစွမ်းအင်ရဲ့ ဘေးထွက်ဆိုးကျိုးတွေကို မေးခွန်းထုတ်စရာ ဖြစ်လာခဲ့ပါတယ်။

အဏုမြူကိုလည်း မသုံးရဲ၊ ရေနံကလည်း အကန့်အသတ်ဆိုတော့ ရေနွေးငွေ့ပြန်သုံးမလား၊ တိရစ္ဆာန်စွမ်းအင် ပြန်သုံးမလား မေးရမလိုဖြစ်နေပါတယ်။ အဲဒီလို အကန့်အသတ်တွေကို ရင်ဆိုင်ဖို့ တနည်းပဲ ရှိပါတယ်။ အဲဒါကတော့ အရင်းရှင်စနစ်ကို ဝိုင်းဝန်းဖြိုချဖျက်ဆီးပစ်ဖို့ပါပဲ။ မြန်မာပြည်အတွက်ကတော့ ကမ္ဘာပျက်ခါနီးမှ ယောင်တီးယောင်န လူ့အဖြစ်ကို ရသကဲ့သို့ ဆိုသလိုပါပဲ။ အခုမှ အရင်းရှင် ဈေးကွက်စီးပွားရေး ပီပြင်ဖို့ ကြိုးစားနေရရှာပါတယ်။

# ‘ငါ့ဘက်ကသမိုင်း သို့မဟုတ် ချင်ပင်းရဲ့အတွေ့အကြုံမှတ်တမ်း’ ဘာသာပြန် ဒုတိယတွဲ ထွက်တော့မည်

မလေးယားကွန်မြူနစ်ပါတီရဲ့ အထွေထွေအတွင်းရေးမှူး လုပ်ခဲ့သူ ချင်ပင်းရဲ့ **‘ငါ့ဘက်ကသမိုင်း သို့မဟုတ် ချင်ပင်းရဲ့အတွေ့အကြုံမှတ်တမ်း ’ (My Side of History)** ကို ဗဟိုသုတေသနဌာနက ကောက်နုတ်ဘာသာပြန်ပြီး ပထမပိုင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှာ ထုတ်ဝေခဲ့တယ်။ အခု ဒုတိယပိုင်းကို မကြာမီမှာ ထုတ်ဝေတော့မယ်လို့ ကြားသိရပါတယ်။

ဒီဒုတိယတွဲအတွက် ဗကပ ဗဟိုက အမှာစာမှာ အောက်ပါအတိုင်း ရေးသားထားတာကို တွေ့ရပါတယ်။

**“လမ်းစဉ်တခုချမှတ်ရာမှာ မိမိအခြေအနေနဲ့ နိုင်ငံတကာ့အခြေအနေ၊ နိုင်ငံတကာ့ကွန်မြူနစ်လှုပ်ရှားမှု အခြေအနေတွေကို ပေါင်းစပ်သုံးသပ်ချင့်ချိန်ပြီး ချမှတ်ကြစမြဲ ဖြစ်တယ်။ ရဲဘော်ချင်ပင်းက မလေးပါတီရဲ့ လမ်းစဉ်အပြောင်းအလဲများ အကြောင်းကို တင်ပြရာမှာ သံတမန်သုံးဝေါဟာရ မသုံးဘဲ ပွင့်ပွင့်လင်းလင်း ရေးထားတယ်။**

**အခန်း (၂၉) (၃၀) (၃၁) တို့ကို အထူးပြုလေ့လာကြစေချင်တယ်။ ကျွန်တော်တို့လို သံတမန်စကား သုံးမနေဘဲ ပွင့်ပွင့်လင်းလင်း ရေးထားတယ်။”...**

.............................






## ညီမြရဲ့ 'ဘီရုမာဝါးတားဂိတ်'

ပျောက်နေတဲ့ ညီမြရဲ့ဆောင်းပါး ပြန်တွေ့တဲ့သတင်း ဖတ်ရတယ်။ သတင်းစာတိုက် ရိုက်ချိုးခံရတဲ့ ကာယကံရှင်ကိုယ်တိုင် ရေးသားချက်ဖြစ်လို့ အခုခေတ် လူငယ်တွေ ဖတ်သင့်တယ်။

သခင်သန်းထွန်းက ဘာကြောင့် ဗားဂရာချောက် ဆိုရှယ်လစ်အရိုးနဲ့ ဖို့ပစ်မယ် ကြိမ်းရသလဲဆိုတာပါ ရှင်းသွားနိုင်တယ်။ သခင်သန်းထွန်းက ဖက်ဆစ်တော်လှန်ရေး နှစ်ပတ်လည်နေ့ မတ်လ (၂၇) မှာ ပြောတာပါ။ သတင်းစာတိုက် ရိုက်ချိုးတာက မတ်လ (၁၅) ရက်ပါ။

အိုးဝေညီမြဆောင်းပါး ပြန်ဖော်သလို ဒဂုန်တာရာရဲ့ 'ဂျာနယ်ကျော်မမလေး ရုပ်ပုံလွှာ' လည်း ပြန်ပြီး ထုတ်သင့်တယ်။ သူလည်း သတင်းစာတိုက် ရိုက်ချိုးခံရသူပဲ။

## အမေရိကန်ရဲ့ ၈၅% နဲ့ နအဖ ရဲ့ ၇၅%

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ရဲ့ အခြေခံဥပဒေဆိုင်ရာ ပုဒ်မတွေကို ပြုပြင်ချင်ရင် အဖွဲ့ဝင်တွေရဲ့ (၈၅) ရာခိုင်နှုန်းက သဘောတူရမယ်လို့ ရေးထားတယ်။ အမေရိကန်က မဲဝေပုံကျ ၁၆.၇% ယူထားတယ်။ အမေရိကန် သဘောမတူရင် ဘာမှမပြင်နဲ့လို့ ဗီတိုအာဏာ ယူထားတာပဲ။

အဲဒါကို အတုခိုးပြီး ဗိုလ်သန်းရွှေတို့ကလည်း စစ်ဗိုလ်အမတ် ၂၅% ယူထားပြီး ၇၅% ကျော်မှ အခြေခံဥပဒေကို ပြင်နိုင်တယ်လို့ လုပ်ထားတယ်။ သူက ကမ္ဘာနဲ့ချီပြီး လုပ်ရတာမဟုတ်လို့ ပိုသေချာအောင် ပြည်သူ့ဆန္ဒခံယူပွဲလည်း လုပ်ရဦးမယ်လို့ ဆိုထားတယ်။

ဘယ်တော့မှ မပြင်နိုင်အောင် လုပ်ထားတာမှန်း သိသာပါတယ်။ အမေရိကန်ကလည်း ၁၆.၇% ကို လက်လွှတ်မှာ မဟုတ်သလို စစ်အုပ်စုကလည်း ၂၅% ကို အသေကိုင်ထားမှာပဲ။ မနာခံတဲ့၊ တွေဝေတဲ့ စစ်ဗိုလ်အမတ်ကို ကာ/ချုပ်က ချက်ချင်းဖြုတ်ပြီး လူစားထိုးခံရမှာပဲ။ မကြာခင်ကတော့ သင့်တော်တဲ့အချိန်မှာ အမတ်နေရာလျှော့ပြီးယူမယ်လို့ ပြောတယ်။ 'သင့်တော်တဲ့အချိန်' ကို ဘယ်သူ ဆုံးဖြတ်မှာလဲ။ အမေရိကန်ကလည်း အဲဒီလို ပြောနေတာပါ။

## ဖက်ဆစ်လက်သစ်တွေ တစခန်းထနေတယ်

ပြင်သစ်သမ္မတရွေးကောက်ပွဲမှာ ပြင်သစ်က ဖက်ဆစ်လက်သစ်သမ္မတလောင်းက မဲအတော်များများရလိုက်တယ်။

နောက်တကြိမ် သမ္မတရွေးကောက်ပွဲလုပ်ချိန်ရောက်ရင် ဆိုရှယ်လစ်သမ္မတနဲ့ ဖက်ဆစ်လက်သစ်သမ္မတလောင်းတို့ ပြိုင်ရတာတောင် ဖြစ်လာနိုင်တယ်။

ဟစ်တလာဟာ (၁၉၃၀) ကမ္ဘာ့အရင်းရှင်စီးပွားရေးကပ်ကို အကြောင်းပြုပြီး ရွေးကောက်ခံဝန်ကြီးချုပ် ဖြစ်လာတယ်ဆိုတာကို မမေ့ဖို့ လိုတယ်။ (၂၀၀၈) မတိုင်မီက စခဲ့တဲ့ ကမ္ဘာ့အရင်းရှင်စနစ်စီးပွားကပ်ကလည်း တော်တော်နဲ့ ပြီးမယ့်ပုံ မပေါ်ဘူး။ ကပ်ကျော်နိုင်မယ့် နည်းနာလည်း ရှာမတွေ့ကြဘူး။ ခြိမ်းခြောက်ဘာရေးဆေးခါးကြီးပဲ တိုက်နေကြတယ်။

ဖက်ဆစ်ဝါဒရဲ့ လက္ခဏာတရပ်က 'အစွန်းရောက် အမျိုးသားရေးဝံသာနုဝါဒ' ဖြစ်တယ်ဆိုတာကို သတိပြုဖို့ပါ။



# သတင်းနဲ့မှတ်ချက်

## ချားစ်တေလာရဲ့ စစ်ရာဇဝတ်မှု၊ အပြစ်ရှိသတဲ့

ကုလသမဂ္ဂတရားရုံးက လိုင်ဘေးရီးယားသမ္မတဟောင်း ချားစ်တေလာကို အပြစ်ရှိကြောင်း ဆုံးဖြတ်တယ်။ အိမ်နီးချင်းနိုင်ငံမှာ သွေးမြေကျသူပုန်ထမှုကို ကူညီလို့ အပြစ်ရှိတာတဲ့။

အဲဒီလိုဆိုရင် အမေရိကန်သမ္မတ တော်တော်များများဟာ အပြစ်ရှိသူချည်း ဖြစ်လိမ့်မယ်။ အိမ်နီးချင်းရော ဝေးလံခေါင်ဖျားမှာပါ သူပုန်ထတာကို အားပေးခဲ့ကြတာပဲ။ သူတို့ကိုတော့ ကုလခုံရုံးဖွဲ့ မစစ်ခဲ့ပါလား။ အပြစ်ပေးဖို့ကတော့ ဝေးသေးတယ်။

ဖြစ်လေ့ရှိတာက အင်အားကြီးသူကို ဘယ်နိုင်ငံတကာတရားရုံးကမှ ခုံရုံးဖွဲ့စစ်ဆေးမခံရဘူး။ အင်အားလည်းသေး အာဏာလက်မဲ့လည်းဖြစ်ရင်တော့ ခုံရုံးဖွဲ့စစ်ဆေးခံရ၊ အပြစ်ပေးခံရလေ့ ရှိတာပဲ။

လိုင်ဘေးရီးယားဆိုတာ စတုရန်းမိုင် ၄၃၀၀၀ သာရှိပြီး လူဦးရေ (၃) သန်းကျော်သာရှိတဲ့ အာဖရိကအနောက်ခြမ်းက နိုင်ငံလေးပါ။ မြေနိမ့်ရာ လှံစိုက်ဝံ့ကြပေမှာပေါ့။

## မြန်မာနိုင်ငံ LDC ဘဝက လွတ်မြောက်အောင်လုပ်မယ်တဲ့

မြန်မာနိုင်ငံ အဆင်းရဲဆုံးနိုင်ငံ (LDC) ဘဝက လွတ်မြောက်အောင်လုပ်မယ်လို့ သမ္မတ ဦးသိန်းစိန်က ပြောတယ်။ စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေကနေ စပြီးလွတ်မြောက်လာချိန်မှာ ပြောလိုက်တာပါပဲ။

၁၉၈၇ ခုနှစ်မှာ မြန်မာနိုင်ငံဟာ အဆင်းရဲဆုံးနိုင်ငံအဖြစ် ကုလသမဂ္ဂမှာ လျှောက်လွှာတင် ခံယူခဲ့တာ ဖြစ်တယ်။ ဂျပန်နိုင်ငံရဲ့ အကြံပေးချက်နဲ့ ဒီလိုလျှောက်တာဖြစ်တယ်လို့ ဆိုပါတယ်။ အဆင်းရဲဆုံးနိုင်ငံဘဝကို ခံယူတဲ့အတွက် အကြွေးလျှော်ပေးတာ၊ ကုန်သွယ်မှုမှာ အခွင့်ထူးပေးတာ အပါအဝင် ခံစားခွင့်တချို့ ရရှိတယ်။ အဲဒီလို အဆင်းရဲဆုံးနိုင်ငံအဆင့်ရဖို့အတွက် သတ်မှတ်ချက်တွေ ရှိတယ်။ လူတဦးချင်းဝင်ငွေနိမ့်ကျတာ၊ လူမှုအရင်းအမြစ်နိမ့်ကျတာ (အရွယ်ရောက်သူစာတတ်မြောက်မှုစတာတွေပါ) နဲ့ စီးပွားရေးနိမ့်ကျတာစတဲ့ အခြေခံအချက် သုံးချက်နဲ့ကိုက်ညီရမှာ ဖြစ်ပါတယ်။ လျှောက်လွှာမတင်ခင်တုန်းက မဆလ ဟာ အသုံးလုံး လှုပ်ရှားမှုဆိုတာနဲ့ စာမတတ်သူ ပပျောက်ရေးလုပ်ခဲ့တယ်။ အောင်မြင်တယ်လို့ ဆိုတယ်။ ယူနက်စကိုကတောင် ဆုချီးမြှင့်ခဲ့တယ်။ ဒါကြောင့် အဆင်းရဲဆုံးနိုင်ငံအဖြစ် လျှောက်တဲ့အခါမှာ ဒီအချက်ကို အရှက်ကွဲခံပြီး ပြန်ပြင်ဆင်ခဲ့ရတယ်။

စီးပွားရေးပိတ်ဆို့ အရေးယူမှုဆိုတာက တခြားနိုင်ငံတွေက လုပ်တာဖြစ်တယ်။ သူတို့က ရုပ်သိမ်းလိုက်ပြီဆိုရင် ပြီးသွားတာပါပဲ။ (LDC) ဆိုတာက ကိုယ့်စီးပွားရေး၊ လူမှုရေးစတဲ့ အခြေအနေတွေအရ ခံယူထားတာ ဖြစ်တယ်။ အဲဒီအခြေအနေတွေ ပပျောက်အောင်လုပ်နိုင်ဖို့ လိုပါတယ်။ လူတဦးချင်းဝင်ငွေတိုးဖို့၊ လူသားအရင်းအမြစ်အခြေအနေတွေနဲ့ စီးပွားရေးအခြေအနေတွေ တိုးတက်ကောင်းမွန်လာဖို့ လိုပါတယ်။ ဦးသိန်းစိန် တက်လာပြီးနောက်မှာ ဆင်းရဲမှုပပျောက်ရေးဆိုတာကိုလည်း ပြောခဲ့ပါသေးတယ်။ အဖွဲ့တောင်ဖွဲ့ခဲ့ပါတယ်။ အခုတော့ အသံမကြားရတော့ပြန်ပါဘူး။ အခု အဆင်းရဲဆုံးနိုင်ငံဘဝက လွတ်မြောက်ဖို့ပြောပြန်ပါပြီ။ အပြောတွေနဲ့တင် မဟုတ်ဘဲ ဘယ်လိုစီမံချက်တွေနဲ့ ဘယ်နှနှစ်အတွင်း အောင်မြင်အောင်

# သတင်းနဲ့မှတ်ချက်

အကောင်အထည်ဖော်မလဲဆိုတာ သိချင်ပါတယ်။

## ဗမာပြည်ကို ကယ်တင်ဖို့ အမေရိကန်တပ်တွေလာမယ်

၁၉၉၈ ခုနှစ်က ပြည်ပထုတ် ဂျာနယ်တစောင်မှာ လူထုကို မတရားထိပါးနေရင် အမေရိကန်က ကြည့်နေမှာမဟုတ်ဘူး၊ စစ်တပ်နဲ့လာပြီး ဖိနှိပ်တဲ့အစိုးရကို ဖြုတ်ချလိမ့်မယ်လို့ ဝါရင့်သတင်းစာဆရာကြီးတဦးက ရေးခဲ့တယ်။ ဗမာပြည်စစ်အစိုးရကို အမေရိကန်ကလာပြီး ဖြုတ်ချမယ်လို့ ပြောတာပါပဲ။ 'ကောင်းသူကို ကယ်တင်မည်၊ မကောင်းသူကို ဖယ်ရှားမည်' ဆိုပြီးတော့လည်း အဆုံးသတ်ခဲ့တယ်။ ဒါပေမဲ့ သူမျှော်သလို အမေရိကန်တပ်ကြီး ဗမာပြည်ကို ရောက်မလာပါဘူး။

အခုတော့ လာပါတော့မယ်။ စစ်တပ်ကြီးလာမှာ မဟုတ်သလို စစ်အစိုးရကို ဖြုတ်ချဖို့လည်း မဟုတ်ပါဘူး။ စစ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အမေရိကန်ကုမ္ပဏီကြီးတွေ လာကြမှာ ဖြစ်ပါတယ်။ ဗမာပြည်မှာ ရင်းနှီးမြှုပ်နှံပြီး သယံဇာတတွေ ထုတ်ယူကြဖို့ လာကြမှာပါ။ စီးပွားရေးပိတ်ဆို့ထားတာကို ဆိုင်းငံ့လိုက်ပြီ မဟုတ်လား။ ဒါပြီးရင် သူတို့ဆီက ကုမ္ပဏီကြီးတွေ လာကြတော့မှာပါ။

## ဆိုင်ဘာ (cyber war) စစ်ပွဲ

ကမ္ဘာကြီးမှာ စစ်ပွဲအမျိုးမျိုး ပေါ်နေတယ်။ ကြာလေများလာလေပါပဲ။ စစ်အေး၊ စိတ်ဓာတ်စစ် (psywar)၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်၊ အာကာသစစ်၊ ကြယ်တာရာစစ် စတာတွေကနေ ဆိုင်ဘာစစ်ပွဲ ဆိုတာတွေ အထိပါပဲ။

နည်းပညာခေတ်ဆိုတော့ ကိုယ့်ပတ်ဝန်းကျင်ဟာလည်း ခေတ်မီအီလက်ထရောနစ် ပစ္စည်းတွေနဲ့ ပြည့်နှက်လာတော့တယ် မဟုတ်လား။ စစ်ရေးတင်မကဘဲ စီးပွားရေး၊ လယ်ယာစိုက်ပျိုးရေး၊



အာဖဂန်ရောက် အမေရိကန်တပ်

## သတင်းနှင့်မှတ်ချက်

ထုတ်လုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ ဖျော်ဖြေရေးစတဲ့ နယ်ပယ်စုံမှာ ခေတ်မီအီလက်ထရောနစ်ပစ္စည်းတွေကို အသုံးပြုလာကြတယ်။ အစိုးရတောင် အီးဂါးဗမင့် (E-Government) လို့ ပြောလာကြပြီ။

ဒီနေ့ခေတ်မှာ အင်တာနက်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြတာ ဖြစ်ပါတယ်။ ဒီတော့ ကိုယ့်ရဲ့အင်တာနက်ကွန်ရက်တွေ လုံခြုံရေးဟာ အရေးကြီးလာတယ်။ ကိုယ့်ကွန်ရက်ထဲ ဝင်နှောင့်ယှက်မယ့်ရန်ကို ကြောက်လာရတော့တယ်။ အမေရိကန်ဟာ ‘ဆိုင်ဘာပုလဲဆိပ်ကမ်း’ (cyber Pearl Harbor attack) တိုက်ခိုက်မှုမျိုး ခံရမယ့်အန္တရာယ်ရှိတယ်လို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ပင်နက်တာ (Panetta) ကတောင် သတိပေးပြောဆိုလာရတယ်။ လွန်ခဲ့တဲ့ ၂ နှစ်လောက်က အီရန်နျူကလီးယားစက်ရုံရဲ့ ပရိုဂရမ်တွေ ဗိုင်းရပ်စ်အတိုက်ခံရလို့ ယူရေနီယမ်သန့်စင်တဲ့ ဗဟိုခွာစက်တွေ အတော်များများ ပျက်စီးသွားရတယ်ဆိုတော့ သူလည်း စိုးရိမ်မှာပေါ့။ ဒီနှစ် ဇွန်လ ၁၈ ရက်နေ့ ဝါရှင်တန်ပို့စ် အင်တာနက်စာမျက်နှာမှာ ဒီတိုက်ခိုက်မှုကို အမေရိကန်နဲ့ အစ္စရေးလ်တို့ပူးပေါင်းလုပ်ဆောင်ခဲ့တာလို့ ဖော်ပြထားတယ်။ ၂ နိုင်ငံပေါင်း ထုတ်လုပ်တဲ့ မီးလျှံ (Flame) ဆိုတဲ့ ဗိုင်းရပ်စ်နဲ့ တိုက်ခိုက်ခဲ့တာလို့ ဆိုတယ်။ ဒီဗိုင်းရပ်စ်က ကွန်ပျူတာထဲရောက်သွားတာနဲ့ ကွန်ပျူတာရဲ့ လုပ်ဆောင်မှုအားလုံးကို ထိန်းချုပ်လိုက်တယ်။ ကွန်ပျူတာထဲက လျှို့ဝှက်ချက်တွေအားလုံး ဗိုင်းရပ်စ်ပိုင်ရှင်ဆီ ပြန်ပို့ပေးတယ်။ ပိုင်ရှင်က ဒီစက်ကို လိုသလို ထိန်းချုပ်အမိန့်ပေးနိုင်တယ်။ ဒီနည်းနဲ့ အီရန်နျူကလီးယားစက်ရုံရဲ့ ဗဟိုခွာအားစက်တွေကို နှောင့်ယှက်ဖျက်ဆီးခဲ့တယ်။

တောင်ကြီးတွေ၊ သမုဒ္ဒရာကြီးတွေကို ရှေ့ဖို့ဆိုတာ မလွယ်ကူဘူး။ ဒါပေမဲ့ ခလုတ်တချက်နှိပ်ရုံနဲ့ ဆိုင်ဘာစပေ့စ်တွေကို ပိတ်နိုင်ဖွင့်နိုင်တယ်။ စစ်သင်္ဘောကြီးတွေ ခရီးဝေးသွားဖို့ အချိန်ကြာတယ်။ ငွေကုန်ကြေးကျလည်း များတယ်။ ဒါပေမဲ့ ကမ္ဘာတလွှား အီလက်ထရွန်တွေ ခရီးနှင်တာကျတော့ မြန်လည်းမြန်သလို ငွေကုန်ကြေးကျလည်း သက်သာလှတယ်။ ပိုဆိုးတာက ဆိုင်ဘာစစ်ပွဲကို အစိုးရတွေကသာ တိုက်ခိုက်နိုင်တာ မဟုတ်ဘဲ သာမန်လူတွေကလည်း တိုက်ခိုက်နိုင်တာပါပဲ။ ဒါကြောင့် ပါမောက္ခနိုင်း (Joseph S. Nye) က ပုလဲဆပ်ကမ်းဆိုင်ဘာတိုက်ခိုက်မှုထက် ၉/၁၁ ဆိုင်ဘာတိုက်ခိုက်မှုမျိုး ပိုဖြစ်နိုင်တယ်လို့ ပြောခဲ့တာ ဖြစ်တယ်။

ခေတ်မီနိုင်ငံတွေဟာ ဆိုင်ဘာစစ်ပွဲအတိုက်ခံရမှာကို ကြောက်နေကြရတယ်။ မကြာမကြာလည်း အတိုက်ခံရတာကို ကြားနေရတယ်။ သိပ္ပံနည်းပညာတွေ ခေတ်မီတိုးတက်လာတာနဲ့အမျှ စစ်ပွဲရဲ့နယ်ပယ်နဲ့ ပုံသဏ္ဍာန်တွေ များပြားလာကြတယ်။ အဖျက်စွမ်းအားတွေလည်း ကြီးလာတယ်။ ပထမကမ္ဘာစစ်ထက် ဒုတိယကမ္ဘာစစ်မှာ အရပ်သားသေကြေထိခိုက်မှုက ပိုများလာတယ် မဟုတ်လား။ အခုလည်း ကမ္ဘာအနှံ့မှာ ဒေသစစ်တွေ မတည်မငြိမ်ဖြစ်နေတဲ့ ဒေသတွေ များလှတယ်။ ကမ္ဘာ့ပြည်သူတွေ ငြိမ်းချမ်းရေးသတိရှိကြဖို့ နှိုးဆော်လိုက်ရပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်